

http://www.dhammadownload.com
သမုဒ္ဒရာဝမ်းတစ်ထွာ
တိပိဋကဓရ(ယော)ဆရာတော်

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com

# "သမုဒ္ဒရာ ဝမ်းတစ်ထွာ"

တိပိဋကဓရ–ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ
(ယော)ဆရာတော်

http://www.dhammadownload.com

# ပုံနှိပ်မှတ်တမ်း

◆ စာမူခွင့်ပြုချက်အမှတ်

၂၉၉/၉၉ (၇)

◆ မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၃၀၅/၉၉ (၆)

◆ ထုတ်ဝေခြင်း

ပထမအကြိမ်၊ အုပ်ရေ–၁၀၀၀

တန်ဖိုး – ၇၀၀ ကျပ်

◆ ထုတ်ဝေသည့်ကာလ

၂၀၀၀ ပြည့်နှစ်၊ မေလ

◆ အတွင်းသားပုံနှိပ်

မတင်စိန် (၀၅၅၂၉)၊ ဇော်ဦးပုံနှိပ်တိုက်

အမှတ်(၂)၊ ချုန်း(၁)လမ်း၊ ပုသိမ်ညွန့်၊ ရန်ကုန်မြို့။

◆ မျက်နှာဖုံးပုံနှိပ်

ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်

အမှတ်(၁၇၁)၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

◆ ထုတ်ဝေသူ

ဦးကျော်ဆန်း (၀၉၃၂)၊ (ရဲဘော်ကျော်ဆန်း)

ရဲအောင်စာပေ၊ အမှတ်(၂)၊ ချုန်း(၁)လမ်း၊

ပုသိမ်ညွန့်၊ ရန်ကုန်မြို့။

သိရိစိစဉ်သည်

F-1B

http://www.dhammadownload.com

ပြည်လုံးကျွတ်ဖြန့်ချိရေး

ရွှေစန္ဒာထွန်းစာပေ

အမှတ်-၉၆၊ (မြေညီ)၊ ၃၈ လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
☎ ၀၁-၂၄၃၈၇၀

http://www.dhammadownload.com

အလှူတစ်ခုလုပ်တဲ့အခါမှာ
ပညာဦးစီးသောအလှူကြီးဖြစ်စေရ
မယ်၊ လောကပကာသနတွေ ဦးစီး
တာအလှူကြီးလို့မခေါ်၊ ပညာဦးစီးမှ
အလှူကြီးခေါ်တယ်၊ လောကပကာ
သနပါလာသလောက် ဓမ္မပကာသန
အင်အားလျော့သွားစမြဲပဲ။

(ယော)ဆရာတော်

http://www.dhammadownload.com

# မာတိကာ

## သမုဒ္ဒရာဝမ်းတစ်ထွာ


| | | |
|---|---|---|
| ဝမ်းတစ်ထွာမို့တော်သေးတယ် | ... | ၁ |
| ခန္ဓာနဲ့အပြေးပြိုင်ကြတယ် | ... | ၅ |
| အမောတွေကိုပြေလို့ | ... | ၇ |
| တရားအရသာသည်အမြတ်ဆုံး | ... | ၉ |
| တရား၏အဓိကကုန်ကြမ်းသည် စိတ်ကောင်း | ... | ၁၁ |
| စိတ်ကျန်းမာမှ တရားအရသာ တွေ့မယ် | ... | ၁၃ |
| တရားအရသာယူတတ်ကြပါ | ... | ၁၇ |
| တရားအရသာပေါ်အောင်သုံးနည်း | ... | ၂၁ |
| ဉာဏ်အသိနဲ့ကပ်ကြည့်ပါ | ... | ၂၃ |
| ထမင်းတစ်လုပ် ကုသိုလ်ထုပ် | ... | ၂၅ |
| ကုသိုလ်ကို စိတ်ပါလည်းလုပ် မပါလည်းလုပ် | ... | ၂၇ |
| ဉာဏ်မျက်လုံးပိုင်ဆိုင်ထားမှ | ... | ၂၉ |
| အချိန်စေ့ရင်ပြန်အပ်ထားခဲ့၊ ရှေ့ဆက်သွား | ... | ၃၁ |

http://www.dhammadownload.com

ရှေ့တန်းတင်စဉ်းစားရမှာ
ကောင်းမှုတရား ... ၃၃
ရုပ်၏အစာ၊ စိတ်အစာ ... ၃၅
တရားမပါရင် ခန္ဓာလေးတယ် ... ၃၉
ဆာလောင်ခြင်းသည် အကြီးဆုံး
ရောဂါ ... ၄၁
ကောင်းမှုကိစ္စ နေ့ရှေ့-ညရှေ့ ... ၄၃
အမှိုက်ပုံထဲက ရွှေထုပ်ကောက်တယ် ... ၄၉
ထင်းပုံကြီးအခြောက်တိုက်မီးရှို့သလို ... ၅၁
လက်ကျန်ပြုနိုင်ရင်အားရှိတယ် ... ၅၅
တရားဆိုတာ ဆင်းရဲသူချမ်းသာဖို့ ... ၅၇
ဆင်းရဲတိုင်း ချီးမြှောက်လို့မရ ... ၅၉
အဝိဇ္ဇာကစားပြတိုက်တယ် ... ၆၃
တရားဆက်သွယ်ရေးကောင်းလို့ ... ၆၇
တရားရဲ့ကုန်ကြမ်းသည်စိတ်ကောင်း ... ၆၉
အနေစုတ်ပေမယ့် ရွှေထုတ်တဲ့မြပဝါ ... ၇၁
ခန္ဓတိဗ္ဗိဖွင့်ကြည့်တာ ... ၇၃

## ပညာဦးစီးအလှူကြီး

လောကမျက်စိ၊ ဓမ္မမျက်စိ ... ၇၅
ပဏ္ဏာသန(၂)မျိုး ... ၇၇
လောကပဏ္ဏာသန ဦးစားပေး

http://www.dhammadownload.com

လိုက်ပုံများ ... ၇၉
တရားတိုတိုဟောမှဖြစ်မယ် ... ၈၃
တရားတိုတိုဟောပါစေ ... ၈၅
တရားဆိုရင် တိုမှခေတ်မီသတဲ့ ... ၈၇
ဖိုးထိန်ကိုဟောတဲ့တရား ... ၈၉
ပညာဦးစီး အလှူကြီးဖြစ်ရလေအောင် ... ၉၁
သမာဓိအရေးကြီးတယ် ... ၉၃
သမာဓိဆိုတာ သာသနာရဲ့ကျင့်စဉ်
ဗဟိုချက်မ ... ၉၅
စိတ်ကိုဆေးကြောလျှော်ဖွပ်ပေးရတယ် ... ၉၉
လမ်းဘေးကအမှိုက်ပုံးလို ...၁၀၁
ရတနာခန္ဓာဖြစ်အောင် ...၁၀၃
မှန်သားကောင်းမယ်ဆိုရင် ...၁၀၅
ပညာသည်ဒါနအား ကျေးဇူးပြုတယ် ...၁၀၉
ဒါနဆိုသည်မှာ ...၁၁၁
မျိုးစေ့တိုင်းအပင်ပေါက်ကြလိမ့်မယ် ...၁၁၃
အလှူတစ်ခုလုပ်တယ်ဆိုတာ ...၁၁၅
ပညာဦးစီးမှုအားကောင်းရင် ...၁၁၇
ဒါနပါသူနှင့် မပါသူ ...၁၁၉
သက်ဝင်ယုံကြည်တဲ့သဒ္ဒါနဲ့ ... ၁၂၁

http://www.dhammadownload.com

ပညာပါမှအလုပ်စင်ကြယ်တယ် ... ၁၂၃

ကိလေသာသည်ကုသိုလ်ရဲ့

အနှောင့်အယှက် ... ၁၂၅

ပညာမပါဘဲနိဗ္ဗာန်ဆုတောင်းရင် ... ၁၂၇

အဝိဇ္ဇာဈေးရောင်းသမားကလိမ်တယ် ... ၁၃၁

ကိုယ့်အလှူကိုယ်ကျေနပ်ဖို့လိုတယ် ... ၁၃၃

သူများတိုက်တွန်းလို့လုပ်ရတာ

မဖြစ်စေနဲ့ ... ၁၃၅

သိက္ခာ(၃)ပါး လမ်းကြောင်းဖြောင့်မှ ... ၁၃၇

ကိလေသာဆိုတာအကုသိုလ် ... ၁၃၉

အမြတ်စားကုသိုလ်က

အကျိုးပေးပြီဆိုရင် ... ၁၄၁

http://www.dhammadownload.com

# သမုဒ္ဒရာ ဝမ်းတစ်ထွာ

**တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက**
**အဂ္ဂမဟာပဏ္ဍိတ(ယော)ဆရာတော်**

*[ သာသနာတော်နှစ် ၂၅၄၂ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း (၁၃)ရက်၊ ၁၉၉၈ခု၊ အောက်တိုဘာလ(၃)ရက်၊ စနေနေ့ညအချိန်၊ ရန်ကုန်တိုင်း၊ သန်လျင်မြို့၊ မြို့မဈေးကြီးတရားမဏ္ဍပ်အတွင်း၌ သန်လျင်မြို့၊ မြို့မဈေးကြီး ဗုဒ္ဓဟူးဆွမ်းလောင်းအသင်း၏ ဆွမ်းအလှူ အောင်ပွဲကို အကြောင်းပြု၍ အနုမောဒနာတရားအဖြစ်ဖြင့် ဓမ္မဒါန၊ ဓမ္မလက်ဆောင်အဖြစ်ဖြင့် ဟောကြားအပ်သော တရားဖြစ်သည်။ ]*

## ဝမ်းတစ်ထွာမို့ တော်သေးတယ်

မိမိတို့မှာ ခန္ဓာကြီးရထားတော့ ခန္ဓာရဲ့ တာဝန်ကို ထမ်းဆောင်ကြရပါတယ်၊ အသိပါ

http://www.dhammadownload.com



သော ထမ်းဆောင်ခြင်း၊ အသိမပါသော ထမ်းဆောင်ခြင်းလို့ (၂)မျိုးရှိရာမှာ ပရိသတ်အပေါင်းသူတော်ကောင်းတွေက အသိပါသောထမ်းဆောင်ခြင်းနှင့် ထမ်းဆောင်နေကြတယ်။

အသိတရားပါသော ထမ်းဆောင်ခြင်းမှာလဲပဲ မိမိအတွက်မျှသာမက သာသနာအတွက်ပါ ကျယ်ကျယ်ပြန့်ပြန့် သန့်စင်သောအသိဉာဏ်တွေအထိ ရရှိလာကြလို့ ကောင်းမှုတရားတွေ အများကြီး တိုးတက်ကြီးပွားကြရပါတယ်။

သမုဒ္ဒရာ ဝမ်းတစ်ထွာမှာ ဝမ်းလေးကတစ်ထွာလောက်ဖြစ်လို့ တော်သေးတာပေါ့၊ တိုင်းကြည့်ရင် တစ်ထွာလောက်ပါပဲ၊ သို့သော် ကိစ္စက သမုဒ္ဒရာမက ကြီးပါတယ်၊ ကျယ်ပြန့်ပါတယ်။

*** သမုဒ္ဒရာ၊ ဝမ်းတစ်ထွာ၊**
**အစာဖြည့်၍မပြည့်ဝ၊**

ဟောဒီ တစ်ထွာလောက်ရှိတဲ့ ဝမ်းကလေးအတွက် ထမ်းဆောင်ရတဲ့တာဝန်က သမုဒ္ဒရာမက ကျယ်ဝန်းလွန်းလှတဲ့ အတွက်ကြောင့်မို့ အစာဖြည့်၍ ပြည့်တယ်ကိုမရှိနိုင်ဘူး။

http://www.dhammadownload.com



*** တစ်နေ့လာလဲ၊ စားဖို့ပဲ၊ ရှာမြဲရှာနေရ၊**

တစ်နေ့ရောက်လာပြန်ပြီဆိုရင် ဟောဒီဝမ်းကလေးကျွေးဖို့ ရှာရပြန်ပြီ၊ နောက်တစ်နေ့ရောက်ပြန်လဲ ဒီဝမ်းတစ်ထွာကိစ္စ ရှာရပြန်ပြီ၊ နောက်တစ်နေ့ရောက်ပြန်တော့ စားဖို့ရှာရပြန်ပြီ။

ဒါကြောင့် မပြီးနိုင်တဲ့အလုပ်ကို လုပ်နေရတာဖြစ်လို့ သမုဒ္ဒရာနဲ့တူစွာ၊ ကမ်းရယ်လို့ ကန့်သတ်လို့မရနိုင်အောင် ကျယ်ဝန်းလွန်းလို့ ဝမ်းတစ်ထွာလေးကို သမုဒ္ဒရာလို့ တင်စားထားတာဖြစ်တယ်။

*** အိုနေတာလဲ၊ မရပ်ပဲ၊ အိုမြဲအိုနေကြ၊**

ကိုယ်ကတော့ ကိုယ်တာဝန်ကျေပြီလို့ အောက်မေ့တယ်၊ ဒါပေမယ့် ခန္ဓာကြီးကလဲ သူ့တာဝန်သူ ကျေပွန်အောင် ထမ်းဆောင်နေတယ်၊ ဘယ်နှစ်ထပ်ကျွေးကျွေး အိုတာ နောက်မဆုတ်ပါဘူး၊ အိုနေတာမရပ်ပါဘူး၊ ဒါကြောင့် ဉာဏ်ပါရမယ်။

အသိပါသောထမ်းဆောင်ခြင်း၊ အသိမပါသော ထမ်းဆောင်ခြင်းမှာ အသိပါသောထမ်းဆောင်ခြင်းဖြင့် ထမ်းဆောင်တတ်မှ သမုဒ္ဒရာ

http://www.dhammadownload.com



ဝမ်းတစ်ထွာကိစ္စအတွက် တရားစွမ်းအား ရရှိကြမှာပါ။

* * *

http://www.dhammadownload.com

# ခန္ဓာနဲ့အပြေးပြိုင်ကြတယ်

* **နာနေတာလဲ၊ မရပ်ပဲ၊ နာမြဲနာနေကြ၊**

ဘယ်နှစ်ထပ်ကျွေးကျွေး အကြောင်းဖောက်ပြန်တော့ ခန္ဓာကြီးဟာ နာတာပဲ။

* **သေနေတာလဲ၊ မရပ်ပဲ၊ မလွဲသေမည်ပ၊**

ဘယ်နှစ်ထပ်ပဲပိုကျွေးကျွေး ကန့်သတ်ချိန်စေ့ရင် သေမှာလဲ သေချာပြီးသားပါ၊ ဉာဏ်ရှိသူတွေကတော့ ဒရွတ်တိုက်ကြီး မသွားကြဘူး၊ အကန့်လိုက်,အကန့်လိုက် ရှင်းကနဲ,ရှင်းကနဲနဲ့ ဒီလိုနေရာမျိုး ဒါနရနိုင်တယ်၊ ဒါနယူမှ၊ ဟောဒီနေရာမျိုးမှာ သီလရနိုင်တယ်၊ သီလကို တစ်ပါတည်းပါအောင်ယူမှ၊ ဒီလိုနေရာမျိုးမှာ သမာဓိရနိုင်တယ်၊ ဒီလိုနေရာမျိုးမှာ ဝိပဿနာရနိုင်တယ်နဲ့

http://www.dhammadownload.com



ဉာဏ်ကလေးတွေနဲ့ ချင့်ချိန်ပြီးမှ အားကိုးစရာယူကြတယ်။

အသိမပါတဲ့ ပုဂ္ဂိုလ်တွေမှာတော့ ခန္ဓာနဲ့ အပြေးပြိုင်လိုက်ကြတာ၊ ကိုယ်ကရှုံးတာပဲ၊ အိုတာ, နာတာ, သေတာက လက်ဦးသွားကြတာပဲ။

* **သတိမမူ၊ ဉာဏ်မကူ၊**
**အပူတိုး၍ အောက်ကိုကျ၊**

အသိမပါ၊ သတိမပါပဲနဲ့ သမုဒ္ဒရာဝမ်းတစ်ထွာကိုစွက်ကို ထမ်းဆောင်နေကြမယ်ဆိုရင် နေ့စဉ် အပူထုပ်ကြီးပဲ တိုးပြီးတော့မှ အောက်ကို ကျရမယ်၊ သူက အာမခံပေးမှုမပေးပဲ၊ တရားစွမ်းအားမပါရင် သူက တာဝန်မယူ။

* **သတိဉာဏ်ကူ၊ လုံ့လထူ၊**
**အပူကင်း၍ စွမ်းအားရ၊**

သတိဉာဏ်လေး အကူအညီပါလိုက်မှ သတိနဲ့ အကူအညီပါတဲ့ လုံ့လဝီရိယနဲ့ အားထုတ်ပါမှ သမုဒ္ဒရာဝမ်းတစ်ထွာကိုစွက်ကို အကြောင်းပြု၍ စိတ်အေးကြရမယ်။

* * *

http://www.dhammadownload.com

# အမောတွေကိုပြေလို့

ယခု ဗုဒ္ဓဟူးဆွမ်းလောင်းအသင်း ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတွေနဲ့ ပရိသတ်အပေါင်း သူတော်ကောင်းတွေမှာ အသိဉာဏ်က ပါကြတော့ သမုဒ္ဒရာဝမ်းတစ်ထွာကိစ္စက မောစရာကိစ္စမဟုတ်တော့ပဲ အမောပြေစရာကိစ္စ ဖြစ်လာတယ်။

* **သမုဒ္ဒရာ, ဝမ်းတစ်ထွာကြောင့်၊**
**သူငါအများ၊ ကုသိုလ်ပွား၊**
**ထူးခြားမြင့်တက်ရ၊**

အသိမပါတဲ့ပုဂ္ဂိုလ်တွေမှာ သမုဒ္ဒရာ ဝမ်းတစ်ထွာကိစ္စကြောင့် ဖတ်ဖတ်ကိုမောလို့နေကြသော်လဲပဲ အသိတွေ သတိတွေပါတဲ့ ပုဂ္ဂိုလ်တွေကျပြန်တော့ အမောတွေကိုပြေလို့။

"ဩော်...ငါတစ်ယောက် စိတ်ကောင်းထားလိုက်တာ သာသနာအတွက် အကျိုးများလိုက်

http://www.dhammadownload.com



တာ၊ ငါ့ပစ္စည်းလေးတွေ အဖိုးမတန်ဘူး ထင်ရ သော်လဲ သာသနာမျက်လုံးနဲ့ ကြည့်လိုက်မယ်ဆို တော့ တန်ဖိုးဆုံးဖြတ်လို့မရနိုင်အောင် အဖိုးတန်လှ ချည်လား" ...လို့ တွေးလိုက်တိုင်း တွေးလိုက်တိုင်း စိတ်ထဲမှာ ကြည်နူးကြရပါတယ်။

အဲဒါကြောင့် ပရိသတ်အပေါင်း သူတော် ကောင်းတွေ သာသနာမျက်လုံး၊ ဉာဏ်မျက်လုံးရ ထားတော့ ပျော်ပြီးတော့ သမုဒ္ဒရာ ဝမ်းတစ်ထွာ ကိစ္စအတွက် မောမနေကြပဲ အမောကိုပြေပြီးတော့ စွမ်းအားယူနေကြတာပါ။

* **သမုဒ္ဒရာ၊ ဝမ်းတစ်ထွာ၊ အစာဖြည့်၍ မပြည့်ဝ၊**
* **တစ်နေ့လာလဲ၊ စားဖို့ပဲ၊ ရှာမြဲရှာနေရ၊**
* **အိုနေတာလဲ၊ မရပ်ပဲ၊ အိုမြဲအိုနေကြ၊**
* **နာနေတာလဲ၊ မရပ်ပဲ၊ နာမြဲနာနေကြ၊**
* **သေနေတာလဲ၊ မရပ်ပဲ၊ မလွဲသေမည်ပ၊**
* **သတိမမှု၊ ဉာဏ်မကူ၊ အပူတိုး၍ အောက်ကိုကျ၊**
* **သတိဉာဏ်ကူ၊ လုံ့လထူ၊ အပူကင်း၍ စွမ်းအားရ၊**

http://www.dhammadownload.com



* **သမုဒ္ဒရာ၊ ဝမ်းတစ်ထွာကြောင့်၊**
**သူငါအများ၊ ကုသိုလ်ပွား**
**ထူးခြားမြင့်တက်ရ၊**

ဒါကြောင့် ပညာဇိဝိ ဇီဝိတံ–ပညာဖြင့် အသက်မွေးခြင်းရှိတဲ့ပုဂ္ဂိုလ်ရဲ့ အသက်မွေးခြင်း မျိုးကို၊ သေဋ္ဌ–အထူးသဖြင့် ချီးမွမ်းအပ်၊ မြတ် လှပေ၏ဟူ၍၊ အာဟ–ပညာရှိသူတော်ကောင်းတို့၊ ငြိမ့်ညောင်းသံချို၊ မိန့်ဆိုတော်မူကြလေကုန် သတည်း။

* * *

# တရားအရသာသည် အမြတ်ဆုံး

ဘောဇဉ်ဆိုတဲ့အရသာကို တရားအရသာနဲ့ တွဲပြီးတော့ ဉာဏ်အသိလေးနဲ့ တွဲယူလိုက်တော့ တရားစွမ်းအားတွေ ရလာတယ်၊ လေးလံတဲ့ခန္ဓာ ဝန်ထုပ်ကြီးဟာ ပေါ့သွားတယ်၊ အသုံးချနိုင်တဲ့ အတွက် တရားစွမ်းအားတွေ ရရှိပြီးတော့လာ တယ်။

http://www.dhammadownload.com



သဗ္ဗရသံ၊ ဓမ္မရသော ဇိနာတိ၊ အရသာ ခပ်သိမ်းကို တရားအရသာသည် အနိုင်ယူနိုင်တယ်၊ လောကရဲ့အရသာတွေထဲမှာ တရားအရသာသည် အမြတ်ဆုံး၊ နေ့စဉ်သုံးစွဲနေတဲ့ စားဖွယ်အရသာတွေထဲမှာ တရားအရသာထည့်ပေး၊ ဒါကြောင့် ယခု တရားအရသာတွေ ထည့်ပေးနေကြတာပဲ၊ တရားအရသာတွေ၊ တရားစွမ်းအားတွေ လိမ်မာပါးနပ်စွာ ရအောင်ယူနေကြတယ်။

လောကအရသာတွေထဲမှာ တရားအရသာသည် အကောင်းဆုံး၊ လောကမှာ တရားသည် အကြီးမားဆုံးသောအင်အား၊ တရားသည် နောက်ပိတ်ဆုံး လူ့ဘဝမှာ အသက်ကယ်ဆေး။

ဘယ်သူတွေလက်မြှောက်တယ်ပြောပြော တရားလက်မမြှောက်ပါဘူး၊ တရားကို တရားလို့ပဲ စိတ်ဝင်စားပါ၊ တရားကလဲ တရားလိုပဲ ကိုယ့်အပေါ်မှာ အမြဲသစ္စာရှိပါတယ်။

* * *

F-2B

http://www.dhammadownload.com

# တရား၏အစိကကုန်ကြမ်းသည် စိတ်ကောင်း

ဒါကြောင့် တရားဟာ အဖိုးတန်ဆုံး၊ အင်အားအကြီးမားဆုံး၊ အကောင်းမြတ်ဆုံး၊ အဲဒီတရားလိုချင်ရင် စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေးတွေလုပ်ရင်းနဲ့ တရားရနိုင်ပါတယ်။

အားချိန်ကို လုံးဝမတောင်းပါ၊ ပိုက်ဆံတစ်ပြားမှ မတောင်းပါ၊ စိတ်ကောင်းကိုသာ တောင်းပါတယ်၊ တရားရဲ့ အဓိကကုန်ကြမ်းပစ္စည်းသည် စိတ်ကောင်းသာဖြစ်တယ်၊ စိတ်ကောင်းကို သဒ္ဓါတရားက ဖော်ထုတ်ပေးပါတယ်။

http://www.dhammadownload.com



ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးဆိုတာ တစ်နည်းအားဖြင့် စိတ်ကောင်းထုတ်လုပ်တဲ့ စက်ကြီးနဲ့တူတယ်၊ စိတ်သန့်စင်တဲ့စက်ကြီးနဲ့ တူတယ်၊ စိတ်အပူတွေ အအေးခံပေးတဲ့စက်ကြီးနဲ့ တူတယ်၊ ဉာဏ်ကောင်းတွေထုတ်ပေးတဲ့ စက်ကြီးနဲ့တူတယ်။

အဲဒီ ဗုဒ္ဓရတနာ၊ ဗုဒ္ဓသာသနာကို မှီခိုခွင့်ရရှိကြတာဖြစ်လို့ မိမိတို့မှာ အဖိုးတန်တရားစွမ်းအားတွေ ယူနိုင်ကြတယ်။

* * *

http://www.dhammadownload.com



# စိတ်ကျန်းမာမှ တရားအရသာတွေ့မယ်

တရားအရသာသည် အကောင်းမြတ်ဆုံးသော အရသာ၊ သို့သော် စိတ်ကျန်းမာတဲ့ပုဂ္ဂိုလ်အတွက်သာ တရားအရသာရှိတယ်၊ လောကရဲ့အရသာဆိုရင် တချို့ ဟိုတယ်ကြီးတွေမှာ စားသောက်ဆိုင်ကြီးတွေမှာ ရောင်းကြတယ်၊ တစ်ထပ်စာကို သောင်းနဲ့ချီပြီးတန်တယ် ဆိုတာပဲ။

တစ်ထပ်စာကို လေးငါးခြောက်သောင်းတန်၊ အင်မတန် အရသာကောင်းတဲ့ အစားအသောက်ကောင်းတွေ ချက်ပြုတ်၊ ဘယ်လောက်ကောင်းတဲ့ အရသာပဲဖြစ်ဖြစ် ကျန်းမာတဲ့လူအတွက်ပဲကောင်းတယ်၊ မကျန်းမာတဲ့ လူတစ်ယောက်ကိုခေါ်ပြီး ကျွေးကြည့်စမ်းပါ၊ ဘယ်ဟာမှ

http://www.dhammadownload.com



ခံတွင်းမတွေ့၊ ဘယ်ဟာမှ အရသာမရှိ၊ ဒီလောက် ကောင်းတဲ့အရသာကို ဘာဖြစ်လို့ မစားချင်တာ လဲလို့ ပါးစပ်ထဲခွံ့ထည့်စမ်းပါ၊ အန်တောင် ပစ်လိုက်ဦးမယ်။

သူ့မှာ ဓာတ်သဘာဝတွေ ဖောက်ပြန်ပျက်စီးနေတယ်၊ ဓာတ်တွေမညီမညွတ်ဖြစ်နေတယ် ဆိုတော့ ဘယ်လောက်ကောင်းတဲ့ စိမ်ချက်ပြုတ်ထားတဲ့ အရသာဘယ်လောက်ရှိတဲ့ အစားအသောက်ပဲ ဖြစ်ဖြစ် သူ့အတွက်မှာ ဘာအရသာမှ မရှိပါဘူး။

ကျန်းမာတဲ့ပုဂ္ဂိုလ်အတွက် အရသာမျိုးစုံ ကောင်းမွန်တဲ့ အစားအသောက် အာဟာရတွေက အရသာရှိတာ၊ ခံတွင်းတွေ့တာ၊ အာဟာရကို ဖြစ်စေတာ၊ အဆီဩဇာကိုဖြစ်စေတာ။

မကျန်းမာတဲ့ပုဂ္ဂိုလ်အတွက် ဘယ်ဟာမှ ခံတွင်းမတွေ့၊ ဘယ်ဥစ္စာမှအရသာမရှိ၊ ဒါမျိုးလိုပေါ့၊ တရားဟာ လောကမှာ အရသာအရှိဆုံးဖြစ်တာတော့မှန်တယ်၊ သို့သော် သဒ္ဓါတရားနဲ့ စိတ်ကျန်းမာတဲ့ ပုဂ္ဂိုလ်အတွက်သာ တရားက အရသာ ရှိတာ။

http://www.dhammadownload.com



သဒ္ဓါတရားမရှိတဲ့ပုဂ္ဂိုလ်၊ စိတ်မကျန်းမာတဲ့ ပုဂ္ဂိုလ်၊ ဘယ်တရားမှ အရသာမရှိ၊ လက်ထဲမှာ ကောင်းမှုထုပ်ကြီး ကိုင်ထားပါလျက်သားနဲ့ ကောင်းမှုတွေ လက်လွှတ်ဆုံးရှုံးရတယ်၊ တရား အရသာရအောင် မယူတတ်ဖူး။

သဒ္ဓါတရားနဲ့ စိတ်ကျန်းမာအောင် လေ့ကျင့်ထားသူမဟုတ်ဖူးဆိုရင် ဘယ်တရားမှ အရသာမရှိ၊ နားနဲ့နာစမ်းကြည့်လဲ တရားအရသာမတွေ့၊ စိတ်နဲ့ နှလုံးသွင်းကြည့်ပြန်လဲ ဘယ်တရားမှ အရသာ မတွေ့၊ စိတ်အစဉ်မှာ ရှေ့နဲ့နောက်စပ်အောင် ပွားများ အားထုတ်ကြည့်ပြန်တော့လဲ ဘယ်တရား မှ အရသာမတွေ့။

"ဒီလောက်ကောင်းတဲ့တရား ဘာဖြစ်လို့ မင်းက အရသာမတွေ့ရသလဲဆိုတော့ (မကျန်းမာ တဲ့ လူလိုပေါ့) စိတ်ဓာတ်တွေ မကျန်းမမာဖြစ် နေတယ်၊ စိတ်ဓာတ်တွေ ဖောက်ပြန်နေတယ်၊ စိတ်ဓာတ်ရဲ့ ဓာတ်သဘောတွေ ပျက်စီးနေတယ်။

တရားကိုလက်ခံတာက သဒ္ဓါတရားက လက်ခံနိုင်စွမ်းရှိတာ၊ အရသာအလွန်ရှိတဲ့ အစား အသောက်ဟာ ကျန်းမာတဲ့ပုဂ္ဂိုလ်အတွက် အကျိုး

http://www.dhammadownload.com



ရှိတယ်၊ အရသာရှိတယ်၊ ခံတွင်းတွေ့တယ်၊ ထို့ အတူပဲ သဒ္ဓါတရားနဲ့စိတ်ကို ကောင်းမွန်အောင် (ကျန်းမာအောင်) လေ့ကျင့်ထားတဲ့ ပုဂ္ဂိုလ်အတွက် ပဲ ဘယ်တရားမဆို အရသာရှိတယ်။

ယခုလိုတရားပွဲတွေမှာ တရားနာတော့ သူတို့မှာ အရသာရှိလိုက်တာ၊ နားနဲ့တရား ထိတွေ့ ခွင့်ရပြန်တော့ တရားအရသာရှိလိုက်တာ၊ စိတ် အစဉ်နဲ့ နှလုံးသွင်းဆင်ခြင်ကြည့်လိုက်တော့ တရား အရသာရှိလိုက်တာ။

* * *

http://www.dhammadownload.com

# တရားအရသာ ယူတတ်ကြပါ

ဒါနအလုပ်လုပ်ပြန်တော့ ဒါနအရသာတွေ့လိုက်တာ၊ သီလကို လက်တွေ့ကျင့်သုံးပြန်တော့ သီလအရသာတွေ့လိုက်တာ၊ သမာဓိ တရားပွားများအားထုတ်ပြန်တော့ သမာဓိအရသာတွေ့ပါမယ်၊ ဝိပဿနာတရား ပွားများအားထုတ်ပြန်တော့ ဝိပဿနာအရသာတွေ့တယ်၊ စိတ်ကျန်းမာတဲ့ ပုဂ္ဂိုလ်များတော့ ဘယ်တရားမဆို အရသာရှိတယ်ဗျ။

http://www.dhammadownload.com



ဒါကြောင့် ဒကာ,ဒကာမအပေါင်း သူတော်ကောင်းတွေ စိတ်ကျန်းမာရေးကောင်းနေတဲ့အတွက် တရားအရသာရှိအောင် ယူကြတယ်၊ သမုဒ္ဒရာဝမ်းတစ်ထွာကိစ္စ အကြောင်းပြု၍ ဒါန, သီလ, သမထ, ဝိပဿနာ တရားအရသာတွေ ပျော်ရွှင်ကြည်နူး မြိန်ရှက်အားရစွာနဲ့ သုံးစွဲပြီးတော့ အားထုတ်နေကြပါတယ်။

မိမိစိတ်ကောင်းကြောင့် သာသနာအတွက် အကျိုးများသွားပုံကလဲ သိပ်ကြည်နူးစရာကောင်းတယ်၊ သာသနာဟာ စိတ်ကောင်းရှိသူ လက်ထဲသာ နေလို့ရတာပဲ၊ ပိုက်ဆံပေါတိုင်း နေလို့ဖြစ်တာမှ မဟုတ်ပဲ။

ဒကာ,ဒကာမအပေါင်း သူတော်ကောင်းတို့လို သဒ္ဓါ၊ ပညာ၊ မေတ္တာအားကောင်းတဲ့၊ စိတ်ကောင်းရှိကြတဲ့ ပုဂ္ဂိုလ်တွေလက်ထဲမှာ သာသနာက နေလို့ရတယ်၊ အရသာအကောင်းဆုံးဖြစ်တဲ့ တရားအရသာကို ယူနေကြတယ်။

* **လောကတွင်းမှာ၊ ရသာမျိုးစုံစားပြီးကုန်၊ ဝင့်ဘုံသို့သာရှေ့ရှုသည်၊**

http://www.dhammadownload.com



လောကမှာရှိတဲ့ ဘယ်လောက်ကောင်းတဲ့ အရသာဖြစ်ဖြစ် လျှာဖျားကလေးထိပြီး ပျောက်သွားတာပါ၊ ဘဏ်နဲ့ကြည့်လိုက်ရင်သိတယ်၊ အဲဒီ အရသာလေးကို တဏှာက ဝင်စွဲလိုက်ရင် အဝိဇ္ဇာ တွေက ဝင်စွဲလိုက်ရင်၊ စွဲမိစွဲရာစွဲသွားခဲ့ရင် အောက် ကိုဆွဲသွားမယ်၊ ဝဋ်ဘုံကိုသာ ဆွဲပြီးတော့သွားမယ်၊ သံသရာကြိုးနှင့် တင်းကြပ်စွာ ချည်နှောင်ထား လိမ့်မယ်။

- **တရား၌ပါ၊ အရသာ၊ ချမ်းသာအေးမြ လွတ်ငြိမ်းသည်၊**

တရားအရသာပေါ်အောင်သုံးတဲ့ ပုဂ္ဂိုလ်တွေ ကျတော့ ချမ်းသာတယ်၊ အေးမြတယ်၊ လွတ်ငြိမ်း တယ်၊ အဖိုးတန်တယ်၊ ကုန်သွားတဲ့အထဲက မကုန်တာလေးတွေကျန်ခဲ့တယ်၊ ကုန်သွားတဲ့အထဲ က မကုန်တာရအောင် တွက်ချက်နိုင်တဲ့နည်းက ဗုဒ္ဓသာသနာနည်းပဲ ရှိတယ်။

ဟော...ပစ္စည်းကုန်သွားတယ်၊ ဒါနကျန်ခဲ့ တယ်ဗျ၊ သီလ, သမာဓိ, ဝိပဿနာ ဒီလောက် ကျန်ခဲ့ပါတယ်ဗျ၊ အဲသလို တွက်ကိန်းချနိုင်တာ၊ ဗုဒ္ဓသာသနာနည်းလမ်းပဲ ရှိပါတယ်၊ ဒါကြောင့်

http://www.dhammadownload.com



ကုန် သွားတဲ့အထဲက မကုန်တဲ့တရားအရသာတွေ ကျန်ခဲ့ရမယ်၊ ကျန်ခဲ့အောင်လဲ သုံးစွဲကြရမှာပါ။

* * *

http://www.dhammadownload.com

# တရားအရသာပေါ်အောင်သုံးနည်း

* **ဆင်ခြင်သုံးလတ်၊ မေတ္တာလွှတ်၊ ရှုမှတ်တရားပါရမည်၊**

ကိုယ့်ဟာကိုယ်သုံးတော့လဲ တရားအရသာ ပေါ်အောင် သုံးနည်းက(ဆင်ခြင်သုံးလတ်) သီလ သိက္ခာ ဖြည့်ကျင့်သောအားဖြင့် ဆင်ခြင်ပြီးတော့ သုံးပါ၊ ဤစားဖွယ်များကို စားနေခြင်းသည် လှဖို့ ပဖို့၊ မော်ဖို့ကြွားဖို့ စားနေခြင်းမဟုတ်ပါ၊ ပြိုင်ဖို့ဆိုင်ဖို့ စားနေခြင်းမဟုတ်ပါ။

ငါက လှချင်လို့ဆိုပေမယ့် အတွင်းကဇရာ ကြီး တပ်ဆင်ထားတာဖြစ်လို့ တအိအိဖြိုချနေပြီ၊ ပြိုင်ဖို့ဆိုင်ဖို့ဆိုတော့ အအိုပြိုင်တာနဲ့ အတူတူပဲ၊ အနာပြိုင်တာနဲ့အတူတူပဲ၊ ဘယ်လောက်ကျွေး ကျွေး ခန္ဓာက သူ့အလုပ်သူ လုပ်နေတာကိုး။

ဒါကြောင့် တရားမျက်လုံးလေးတပ်ပြီး တရားစွမ်းအားပဲယူမယ်၊ အသက်ရှည်ဖို့၊ ကျန်း

http://www.dhammadownload.com



မာဖို့၊ ခွန်အားတိုးဖို့၊ ဉာဏ်ပညာပွားဖို့၊ ဟောဒီ ခန္ဓာကိုယ်ကြီးကို မိမိ သူတစ်ပါး လောက, သာ သနာကောင်းကျိုးပြု အလုပ်တွေကို အားထုတ်နိုင် ဖို့၊ အသုံးချနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အဲဒီ စားဖွယ်များကို စားတာပါဆိုရင် ထမင်းစား တာ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်သွားတယ်ဗျ၊ သီလ အရသာပေါ်လာတယ်၊ ကျန်ခဲ့တယ်၊ စားသောက် သုံးစွဲလို့ ကုန်သွားသော်လဲ မကုန်တဲ့ သီလအရသာ ကျန်ခဲ့တယ်။

မေတ္တာလွှတ်ဆိုတာ မေတ္တာပို့လွှတ်ပြီး စား သောက်သုံးစွဲတယ်၊ သူများက ကျွေးတယ်ဆို ရင်လဲ လှူတဲ့ပုဂ္ဂိုလ်ကို မေတ္တာလေးတွေပို့လို့ ပေါ့၊ ကိုယ့်ဟာကိုယ် ချက်ပြုတ်စားတယ်ဆိုရင်လဲပဲ ငါကျန်းမာမှု၊ ငါအသက်ရှည်မှု၊ ငါခွန်အားတိုးမှု၊ ဉာဏ်ပညာတွေပွားမှု၊ အများချမ်းသာအောင် ဆောင်ရွက်ပေးနိုင်မှာ၊ အားလုံး ချမ်းသာကြပါစေ လို့ သတ္တဝါတွေအပေါ် မေတ္တာစိတ်လွှမ်းခြုံလို့ စားသောက်သုံးစွဲတာဆိုရင် သမာဓိအရသာလေး တွေ ကျန်ခဲ့တယ်။

ဒါမှမဟုတ် သတိနဲ့ ဝီရိယတွဲပြီးတော့မှ စိတ်ကလေးတွေသန့်စင်ပြီးတော့ တရားစွမ်းအား

http://www.dhammadownload.com



လေးတွေယူလို့ စားသောက်သုံးစွဲတယ်ဆိုရင်လဲ သမာဓိကျန်ခဲ့တယ်၊ သမာဓိအရသာတွေ ကျန်ခဲ့တယ်၊ စားစရာကတော့ ကုန်သွားပြီ၊ သို့သော် မကုန်နိုင်တဲ့တရားအရသာ ကျန်ခဲ့တယ်။

* * *

# ဉာဏ်အသိနဲ့ကပ်ကြည့်ပါ

ရှုမှတ်တရားပါရမည်ဆိုတာ သိတတ်တဲ့စိတ်နဲ့၊ သိစရာ ထမင်းလုပ်လေးတွေ၊ သိစရာ ထမင်းလုပ်ရုပ်တရားလေးတွေ ဉာဏ်အသိနဲ့ကပ်ကြည့်ပေါ့။

သိတတ်တဲ့စိတ်ကလဲ တဖြုတ်ဖြုတ်ပြောင်းလို့၊ တဖြုတ်ဖြုတ်ကုန်လို့၊ သိစရာထမင်းလုပ်လေးတွေကလဲ တစ်စ,တစ်စ ကုန်,ကုန်ပြီး သွားလိုက်ကြတာ၊ အဲသလို မျက်စိနဲ့ကြည့်တတ်ရင်ဝိပဿနာစွမ်းအားတွေ၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတွေရလို့၊ တော်တော်ပျော်ဖို့ကောင်းတယ်၊

http://www.dhammadownload.com



သာသနာ မှာ လူတစ်ယောက်ဖြစ်ရတာ အတော် အားရှိဖို့ကောင်းတယ်၊ ကုန်သွားတဲ့အထဲက မကုန် တာတွေ ဆုပ်ကိုင်မိလို့။

ယခု ဗုဒ္ဓဟူးဆွမ်းလောင်းအသင်း ပရိသတ် အပေါင်း သူတော်ကောင်းတွေ အဲသလို တရားစွမ်း အားတွေရအောင် ယူတတ်ကြလို့လဲ ပျော်ပြီးတော့ နေကြတာ၊ ကိုယ့်ပစ္စည်းအလကားပေးရတာများ ပျော်ပြီးတော့နေကြတာ။

ပျော်တာပေါ့၊ အတွင်းအဇ္ဈတ္တစိတ်အင်အား တွေက သိပ်ကောင်းလို့၊ ဉာဏ်မျက်လုံးကလဲ အမြင်ရှင်းနေကြတော့ ရတာကိုမြင်ထားပြီးဖြစ် တော့ ပျော်နေကြတာပေါ့။

* **သမုဒ္ဒရာ,ဝမ်းတစ်ထွာကြောင့်၊**
**သူငါအများ၊ ကုသိုလ်ပွား၊**
**ထူးခြားမြင့်တက်သည်၊**

ထမင်းစားတာ နိဗ္ဗာန်ရောက်ကြောင်းဖြစ်လို့၊ ဟန်ကိုကျလို့၊ မိသားစုတွေကိုကျွေးရတာ နိဗ္ဗာန် ရောက်ကြောင်းဖြစ်လို့ ပျော်ဖို့တယ်ကောင်း၊ ကိုယ် ပိုင်တရားရရင် ပျော်ကြတာပေါ့။

* * *

http://www.dhammadownload.com

# ထမင်းတစ်လုပ်, ကုသိုလ်ထုပ်

မိမိတို့ပစ္စုပ္ပန်ဘဝမှာ ရှာဖွေစုဆောင်းထားတဲ့ ပိုက်ဆံ၊ ပစ္စည်းဆိုတာ တစ်ဘဝသာအဝကျွေးမှာ၊ ဒါတောင်မှ မသေချာဘူး။

ကိုယ်ရှာထားတဲ့ပစ္စည်းတွေ၊ ကိုယ်ရှာထားတဲ့ ပိုက်ဆံတွေ ငါ့ကို ဒီဘဝတော့ အဝကျွေးမှာပဲလို့ ကောက်တွက်လို့မရဘူး၊ မိမိတို့ကိုယ်တိုင် စိတ်ပါလက်ပါ ပြုလုပ်ထားတဲ့ ကောင်းမှုကုသိုလ်ဆိုတဲ့ တရားအရသာတွေက နိဗ္ဗာန်အရောက် သံသရာတစ်လျှောက် အဝကျွေးမှာ သေချာပေါက်ပါ။

ပစ္စုပ္ပန်ဘဝမှာ ရှာဖွေစုဆောင်းထားတဲ့ ပိုက်ဆံတွေ၊ ပစ္စည်းတွေက တစ်ဘဝသာ အဝကျွေးမှာ၊ ဒါတောင်မှ မသေချာဘူး၊ စိတ်ကောင်းလေးတွေနဲ့ ဖော်ထုတ်လို့ ပြုလုပ်အားထုတ်ထားတဲ့ ကောင်းမှု

http://www.dhammadownload.com



ကုသိုလ် အရသာအင်မတန်ရှိလှတဲ့ တရားဆိုတဲ့ စွမ်းအားတွေက နိဗ္ဗာန်အရောက်၊ သံသရာတစ်လျှောက် အဝကျွေးမှာ၊ အဲဒါ သေချာပေါက်ပါ၊ ဧကန်ပါ။

ဒါကြောင့် ထမင်းတစ်လုပ် ကုသိုလ်ထုပ်လို့ ခေါ်ရလောက်အောင် နေ့တိုင်း ထမင်းစားတာ သောက်တာ အကုန်လုံးမှာ တရားအရသာ ကျန်ရမယ်လေ။

သာသနာနဲ့တွေ့ဆုံခိုက်၊ တရားမှန်းသိတုန်းလေး၊ သုံးလို့ဖြစ်တဲ့ ဘဝကောင်းလေးရတုန်းမှာ လိမ်မာပါးနပ်စွာ ယူကြမယ်ပေါ့။

* **လောကတွင်းမှာ၊ ရသာမျိုးစုံ၊**
  **စားပြီးကုန်၊ ဝဋ်ဘုံသို့သာရှေ့ရှုသည်၊**
* **တရား၌ပါ၊ အရသာ၊**
  **ချမ်းသာအေးမြလွတ်ငြိမ်းသည်၊**
* **ဆင်ခြင်သုံးလတ်၊ မေတ္တာလွှတ်၊**
  **ရှုမှတ်တရားပါရမည်၊**
* **သမုဒ္ဒရာ၊ ဝမ်းတစ်ထွာကြောင့်၊**
  **သူငါအများ၊ ကုသိုလ်ပွား၊**
  **ထူးခြားမြင့်တက်သည်၊**

F-3B

http://www.dhammadownload.com



ဒါကြောင့် ထူခြားတယ်၊ မြင့်တက်တယ်၊ စွမ်းအားတွေ လိမ်မာပါးနပ်စွာ ယူတတ်၊ ယူနိုင်ကြတယ်၊ တရားဆိုတာ မရှိလို့မဖြစ်ဖူးလေ၊ မစုလို့လဲ မဖြစ်ဖူး၊ စိတ်မပါလို့လဲမဖြစ်ဖူး။

* * *

# ကုသိုလ်ကို စိတ်ပါလဲလုပ်၊ မပါလဲလုပ်

ထမင်းဆိုတာ အချိန်တန်ရင်ဆာတာပဲ၊ ဆာရင်လဲစား၊ မဆာရင်လဲစား၊ စားကောင်းရင်လဲစား၊ မကောင်းရင်လဲစား၊ ခန္ဓာရဲ့တာဝန် ထမ်းရမှာလေ။

ထို့အတူပဲ၊ ကောင်းမှုကုသိုလ်တရားဆိုတာ စိတ်ပါလဲလုပ်၊ စိတ်မပါလဲလုပ်၊ အားရင်လဲလုပ်၊ မအားရင်လဲလုပ်။

ဘာကြောင့်လဲဆိုတော့ အိုတာကလဲ မအားပဲ အိုနေတာ၊ နာတာကလဲ မအားပဲနာနေတာ၊သေချိန်ကျတော့လဲ မအားပဲသေရမှာဆိုတော့ အားကိုးစရာ

http://www.dhammadownload.com



တရားစွမ်းအားဟာ သမုဒ္ဒရာ ဝမ်းတစ်ထွာကိုစွ ထဲကနေပြီးတော့ လိမ်မာပါးနပ်စွာ ပြုလုပ်အား ထုတ်ကြရမှာပဲ။

* * *

http://www.dhammadownload.com

# ဉာဏ်မျက်လုံးပိုင်ဆိုင်ထားမှ

လောကတစ်ခုလုံးကို ဉာဏ်နဲ့ခြုံပြီးတော့ ကြည့်စမ်းပါ၊ ငွေရေး၊ ကြေးရေးကိစ္စဆိုတာ ရှေ့တန်းတင်ပြီးတော့မှ ပြောနေကြတဲ့စကားပဲ၊ ဘယ်ကိစ္စမှာမဆို ငွေရေးကြေးရေးက ရှေ့ကပဲ။

- ဟောဒါလေး ဒီလိုဖြစ်ချင်လို့ပါခင်ဗျ၊
  ပေး...ပိုက်ဆံတဲ့၊
- ဒါလေး ဒီလိုပြင်ချင်လို့ပါခင်ဗျ၊
  ပေး... ပိုက်ဆံတဲ့၊
- ဒီနေရာက ဟိုနေရာရောက်အောင်သွားချင် လို့ပါခင်ဗျ၊

ပေး ပိုက်ဆံ စသည်ဖြင့်ပေါ့၊ ပိုက်ဆံကြေးငွေက နေရာတိုင်း နေရာတိုင်းမှာ စကားပြောနေ

http://www.dhammadownload.com



ရတဲ့အရာဖြစ်တယ်၊ ပိုက်ဆံရှိရင် ကိစ္စခပ်သိမ်း ပြီးနိုင်တယ်လို့ သိကြတော့ ပိုက်ဆံကြေးငွေ ရ သလောက် ရှာဖွေနေကြတာပဲ။

အဲဒါမျိုးလိုပေါ့၊သာသနာမှာရထားတဲ့ဉာဏ် မျက်လုံးပိုင်ဆိုင်ထားတဲ့ သူတော်ကောင်းတွေဟာ လဲပဲ ဗုဒ္ဓမြတ်စွာသာသနာမှာ ရရှိထားတဲ့ ဉာဏ် မျက်လုံးတစ်ခု ကောင်းကောင်းပိုင်ဆိုင်ထားတဲ့ ပုဂ္ဂိုလ်ဟာလဲပဲ သေသေချာချာစဉ်းစားတတ်တယ်။

"ဩော် ... ငါဟာ သံသရာခရီးသည် တစ်ယောက်ပါလား၊ (အမြင်ရှင်းတယ်ဗျ) သံသရာ တစ်ခုလုံးမှာ ငါအမြဲနေရမယ့်နေရာလို့ တစ်နေရာ မှ မရှိပါဘူး"

ဉာဏ်မျက်လုံးလေးဝင်လာပြီ၊ လုပ်ရမယ့် အလုပ် ပြတ်ပြတ်သားသားမြင်လာပြီ။

* * *

http://www.dhammadownload.com

# အချိန်စေ့ရင် ပြန်အပ်ထားခဲ့၊ ရှေ့ဆက်သွား

"ကုသိုလ်ကံအရှိန်အဝါ အင်မတန်ကောင်းလို့၊ ရျာန်တရားရလို့၊ ဗြဟ္မာ့ပြည်ရောက်သွားတော့ ဗြဟ္မာ့တည်းခိုခန်း ခဏဝင်တည်း၊ အချိန်စေ့တော့ တည်းခိုခန်းပြန်အပ်ထားခဲ့၊ ရှေ့ဆက်သွားရတာပဲ။

နတ်ပြည်ကိုရောက်နိုင်လောက်အောင်ကောင်းမှုကုသိုလ်ပါလို့ နတ်ပြည်ကိုရောက်ပြန်တော့ နတ်ပြည်က တည်းခိုခန်းတွေ ခဏဝင်တည်း၊ အချိန်စေ့တော့ နတ်တည်းခိုခန်းတွေပြန်အပ်ထားခဲ့၊ ရှေ့ဆက်သွား။

လူ့ပြည်ကို ရောက်လာနိုင်လောက်အောင်ကောင်းမှုကုသိုလ် အရှိန်အဝါပါလို့ လူ့ပြည်ကို

http://www.dhammadownload.com



ရောက်လာပြန်တော့လဲ ကံ,ဉာဏ်,ဝီရိယ အစုံနဲ့ စွမ်းအားတွေရလာတော့ လူ့ဘုံက တည်းခိုခန်းတွေ ခဏဝင်တည်း၊ အချိန်စေ့တော့ တည်းခိုခန်းပြန် အပ်ထားခဲ့၊ ရှေ့ဆက်သွား။

သုဂတိဘုံရောက်ရင်တောင်မှ တည်းခိုခန်း ခဏဝင်တည်းတဲ့အဆင့်ပဲ ရှိပါတယ်လား" ဉာဏ် ရှိသူကတော့ စဉ်းစားတယ်၊ အမှတ်တမဲ့ မေ့မေ့ လျော့လျော့ ပေါ့ပေါ့ဆဆ ဒရွတ်တိုက်ကြီး ဘယ် တော့မှ မသွားဘူးဗျ။

"ငါဟာ သံသရာခရီးသည်တစ်ယောက်ဖြစ် တယ်ဆိုရင် ငါရဲ့ ထောက်တည်အားကိုးရာက ဘာလဲ"လို့ ရှာလိုက်ရင် ကောင်းမှုကုသိုလ် တရား သာဖြစ်တယ်လို့ အဖြေပေါ်လာတယ်။

* * *

http://www.dhammadownload.com

# ရှေ့တန်းတင်စဉ်းစားရမှာ ကောင်းမှုတရား

ကောင်းမှုကုသိုလ်တရားကို ရှေ့တန်းတင်စဉ်းစားရမယ့်အရာပဲလို့ လေးလေးနက်နက် စဉ်းစားတယ်၊ ခုနပြောတဲ့အတိုင်း ပစ္စုပ္ပန်ဘဝမှာ ရှာတဲ့ပစ္စည်းဥစ္စာ ပိုက်ဆံကြေးငွေဆိုတာက ငါ့ကို တစ်ဘဝသာအဝကျွေးမှာ၊ အဲဒါတောင် မသေချာဘူး၊ ဟောဒီတရားဆိုတာက (စိတ်ကောင်းလေးတွေနဲ့ စုဆောင်းပြုလုပ် အားထုတ်ထားတဲ့တရားဆိုတာက) ဒီတစ်ဘဝလုံးလဲ အာမခံ တာဝန်ယူဦးမှာ၊ ဒီဘဝကနေ နောက်ဘဝကူးတော့လဲ အာမခံ တာဝန်ယူဦးမှာ။

http://www.dhammadownload.com



နိဗ္ဗာန်အရောက် သံသရာတစ်လျှောက်လဲပဲ သူကကိုယ့်ကို အကုန်လုံးတာဝန်ယူပြီးတော့ အဝ ကျွေးသွားမှာဆိုတော့ ကောင်းမှုတရားဟာ ရေ့ တန်းတင်ပြီး စဉ်းစားရမယ့်အရာလို့ ခံယူချက် လေးတွေ ပြတ်သားစွာ ထားတတ်လာပါတယ်။

ဒါကြောင့် ကုသိုလ်တရားဆိုတာ ရှေ့တန်း တင်ပြီး စဉ်းစားရမယ့် အရာဆိုတာသိလို့၊ ဗုဒ္ဓဟူး ဆွမ်းလောင်းအသင်း ဒကာ, ဒကာမ အပေါင်း သူတော်ကောင်းတွေ သာသနာကိုအကြောင်းပြုပြီး ကောင်းမှုတရားတွေ ပျော်ပျော်ရွှင်ရွှင်၊ စိတ်ပါ လက်ပါ၊ တက်တက်ကြွကြွ၊ ထက်ထက်သန်သန် ပြုလုပ်အားထုတ်ပြီးတော့ နေကြပါတယ်။

* * *

http://www.dhammadownload.com

# ရုပ်၏အစာ၊ စိတ်အစာ

လူရဲ့ခန္ဓာမှာကျွေးစရာက ရုပ်အစာ, စိတ်အစာလို့ အစာ (၂)မျိုးရှိတယ်၊ ရုပ်အစာက နေ့တိုင်းကျွေးနေကြတဲ့ ထမင်း စတဲ့ အစာအာဟာရတွေက ရုပ်အစာတွေ၊ ရုပ်အစာဝအောင် ကျွေးပေမယ့် စိတ်အစာမပါရင်တော့ အားမရှိပါဘူး၊ အပူမငြိမ်းပါဘူး။

* **ရုပ်၏အစာ၊ စိတ်အစာ၊ အစာ(၂)မျိုးရှိ၊**

ခန္ဓာမှာ ကျွေးစရာအစာ(၂)မျိုးရှိတယ်၊ ရုပ်အစာနဲ့ စိတ်အစာ၊

* **ရုပ်၏အစာ၊ ကျွေးရုံသာ၊ စိတ်မှာအားမရှိ၊**

ရုပ်အစာကျွေးပြီး စိတ်အစာ၊ တရားအစာမကျွေးဖြစ်ရင် အားမရှိတော့ဘူးတဲ့၊ ပူတာပဲ၊

http://www.dhammadownload.com



* **စိတ်၏အစာ၊ ကျွေးမှသာ၊ ကောင်းစွာ စွမ်းအားပြည့်၊**

ယခုလို ဒါနအရသာ၊ ဒါနအစားအစာတွေလဲ ကျွေးပေးမှ၊ သီလအရသာ၊ သီလအစားအစာတွေလဲ ကျွေးပေးမှ၊ သမာဓိအစားအစာ သမာဓိအရသာတွေလဲ နေ့စဉ်,နေ့စဉ် ဝအောင်ကျွေးပေးမှ၊ ဝိပဿနာဆိုတဲ့ တရားစွမ်းအားအရသာတွေလဲ နေ့စဉ်ဝအောင်ကျွေး ပြီးတော့ပေးမှ စိတ်ဆိုတာ ကောင်းစွာစွမ်းအားပြည့်တယ်၊ "ငါ...ဘာကြောက်ဖို့လိုသေးလို့လဲ"ဆိုပြီး သတ္တိရှိလာတယ်။

* **အသိပညာ၊ ရှိမှသာ၊ အစာပြည့်စုံ၏၊**

အစာပြည့်စုံဖို့က အသိပညာလိုတယ်၊ သာသနာကပေးထားတဲ့ အသိဉာဏ်ကိုရတဲ့ ပုဂ္ဂိုလ်တွေ၊ ရုပ်အစာ စိတ်အစာ (၂)မျိုးလုံးဝအောင် ကျွေးကြတယ်၊ ရုပ်အစာကျွေးတော့လဲ ကုန်ကာမတ္တ မဟုတ်ဖူးလေ၊ တရားအရသာလေးပေါ်အောင် ကုန်သွားတဲ့အထဲက မကုန်နိုင်တဲ့ တရားစွမ်းအားကျန်အောင် လိမ်မာပါးနပ်စွာ ကျွေးတတ်ပါတယ်၊ စိတ်အစာဖြစ်တဲ့ တရားအစာကိုလဲ ဝအောင်ကျွေးတတ်ပါတယ်။

http://www.dhammadownload.com



* **သမုဒ္ဒရာ၊ ဝမ်းတစ်ထွာကြောင့်၊**
**သူငါအများ၊ ကုသိုလ်ပွား၊**
**စွမ်းအားမြင့်တက်၏၊**
* **သူငါအများ ကောင်းမှုပွား၊**
**ထူးခြားမြင့်တက်၏၊**

မဂ်ဖိုလ်နိဗ္ဗာန်အထိ မြင့်တက်စေနိုင်တဲ့ တရားစွမ်းအားတွေ အများကြီးရပြီး တရားတန်ဖိုး သိလာလေ တရားအလုပ်လုပ်ရတာ ပျော်လေပဲ၊ ဒါနတန်ဖိုးနားလည်လာလေ ဒါနလုပ်ရတာပျော် လေပဲ၊ သာသနာတန်ဖိုးကို နားလည်လာလေ သာသနာကိုချီးမြှောက်ရတာ စိတ်ထဲမှာ ကြည်နူး လာလေပဲ၊ ပျော်စရာအလုပ်ကြီး လုပ်နေကြတာ။

* **ရုပ်၏အစာ၊ စိတ်အစာ၊ အစာ(၂)မျိုးရှိ၊**
* **ရုပ်၏အစာ၊ ကျွေးရုံသာ၊ စိတ်မှာအားမရှိ၊**
* **စိတ်၏အစာ၊ ကျွေးမှသာ၊**
**ကောင်းစွာစွမ်းအားပြည့်၊**
* **အသိပညာ၊ ရှိမှသာ၊ အစာပြည့်စုံ၏၊**
* **သမုဒ္ဒရာ ဝမ်းတစ်ထွာကြောင့်၊**
**သူငါအများ၊ ကောင်းမှုပွား၊**
**ထူးခြားမြင့်တက်၏၊**

http://www.dhammadownload.com



ဒါကြောင့် ဘောဇနံ-ဘောဇဉ်ဆိုတဲ့ အဗျာကတတရားသည်၊ ပညာယ-ဟိတွေး သည် တွေး ကင်းစင်ဝေး၍ အတွေးမှန်ကန် အသိဉာဏ် ဆိုတဲ့ ပညာတရားအား၊ ဥပနိဿယပစ္စယေန ပကတူပနိဿယပစ္စယသတ္တိထူးဖြင့် ပစ္စယော- ဥပကာရကောဖြစ်ပေါ်တည်တန့်အောင် ထောက်ပံ့ သောအားဖြင့် ကျေးဇူးပြုတတ်သည်၊ ဟောတိ- သမုဒ္ဒရာ ဝမ်းတစ်ထွာကြောင့် ကောင်း စွာမသွေ ဖြစ်ရပါပေသတည်း။

* * *

http://www.dhammadownload.com

# တရားမပါရင် ခန္ဓာလေးတယ်

တရားမပါရင် မပါသလောက်လေးတဲ့ ခန္ဓာပဲ၊ တရားအသိပါလာပြန်တော့ အသိပါရင်ပါသလောက် ပေါ့တယ်၊ အဖိုးတန်အောင် သုံးတတ်လာတယ်၊ စွမ်းအားတွေကို လိမ်မာပါးနပ်စွာ ယူတတ်လာတယ်။

ဒါကြောင့် ဗုဒ္ဓဟူးဆွမ်းလောင်းအသင်းက ဒကာ, ဒကာမတွေ မိမိတို့ သမုဒ္ဒရာ ဝမ်းတစ်ထွာကိစ္စနဲ့ ရှာဖွေစုဆောင်းနေတဲ့ စားဖွယ်များကို အကြောင်းပြုပြီးတော့ စစ်မှန်သောသဒ္ဓါ၊ စစ်မှန်သောပညာ၊ စစ်မှန်သော မေတ္တာတရားတွေနဲ့ ဒီနေရာတော့ ဒါနလေးတွေရနိုင်တယ်၊ ဒါနယူထားလိုက်မှဖြစ်မယ်၊ ဒီနေရာမျိုးတော့ သီလ

http://www.dhammadownload.com



ရနိုင်တယ်၊ သီလတော့ယူထားမှ၊ ဟောဒီနေရာမျိုးမှာ သမထဝိပဿနာဆိုတဲ့ ဘာဝနာစွမ်းအားလေးတွေ ရနိုင်တယ်၊ ဘာဝနာစွမ်းအားလေးတွေ ဒို့ယူထားမှနဲ့ ကောင်းမှုတရားတန်ဖိုးကို နားလည်တဲ့ပုဂ္ဂိုလ်တွေ ဖြစ်တဲ့အတိုင်း ကောင်းမှုလုပ်ရတာ သိပ်ပြီးတော့ ပျော်နေကြပါတယ်။

* * *

http://www.dhammadownload.com

# ဆာလောင်ခြင်းသည်
# အကြီးဆုံးရောဂါ

လောကမှာရှိတဲ့ ရောဂါတွေထဲမှာ ဆာနာ (ဆာလောင်ခြင်း)သည် အဆိုးဆုံးတဲ့၊ သမုဒ္ဒရာဝမ်းတစ်ထွာကိစ္စလေးဖြစ်နေတာ အမှန်တော့ ဒီဆာနာ(ဆာလောင်ခြင်း)ကြောင့်၊

မိမိတို့ ကုသိုလ်ကောင်းမှုတရားကျတော့ ဆင်ခြေပေးလို့ ဖြစ်တယ်ဗျ၊ သမုဒ္ဒရာဝမ်းတစ်ထွာကိစ္စကျတော့ ဆင်ခြေပေးလို့ မရဘူး။

"ဟော့...ခင်ဗျာ ဒီနေ့ မင်းကို ငါ ထမင်းချက်မကျွေးအားဘူးကွ၊ မနက်ဖြန်မှ မင်းကို ငါချက်ကျွေးတော့မယ်နော်၊ ဒီနေ့မနက်စာလဲ မအားလို့

F-4A

http://www.dhammadownload.com



ချက်မကျွေးနိုင်ဘူးကွ၊ ညနေစာလဲ ချက်မကျွေးနိုင်ဘူး"

ဘယ်ရလိမ့်မတုန်း၊ ကမ္ဗဇတေဇောလို့ခေါ်တဲ့ ဝမ်းမီးနဲ့ အတင်းရိုက်တောင်းတယ်။

"ငါ့ကို ကျွေးမှာလား၊ မကျွေးဘူးလားပြော"

"ငါ့ကိုကျွေးမှာလား၊ မကျွေးဘူးလားပြော"နဲ့ ကမ္ဗဇတေဇောလို့ခေါ်တဲ့ ဝမ်းမီးနဲ့ လောင်မြိုက်ပြီး အတင်းရိုက်တောင်းတော့ ကြောက်လွန်းလို့ ချက်ကျွေးရတယ်၊ မနက်စာလဲ ချက်ကျွေးရတာပဲ၊ ညနေစာလဲ ချက်ကျွေးရတာပဲ၊ တစ်ခါတစ်ရံ (၂)ထပ်နဲ့မရချင်သေးဘူး၊ အကြားမှာ ရိုက်တောင်းသေးတယ်။

* * *

F-4B

http://www.dhammadownload.com

# ကောင်းမှုကိစ္စ နေ့ရွှေ့ညရွှေ့

ကောင်းမှုကိစ္စကျတော့ ဒီနေ့ဒါနကို အချိန်မရလို့ မလုပ်နိုင်ဘူး၊ သဘောပဲ၊ ဒါကတော့ ကိုယ့်သဘောပဲ၊

ဒီနေ့ မအားတာနဲ့ သီလမကျင့်သုံးနိုင်ဘူး၊ သဘောပဲ၊ ရိုက်ခိုင်းမယ့်လူ မရှိဘူးလေ၊ ကြောက်စရာမှ မရှိပဲနဲ့။

ကြောက်ရမယ့်ဥစ္စာမရှိတော့ ဒါနလဲ ဟိုရွှေ့သည်ရွှေ့ ရွှေ့ချင်ရာ ရွှေ့နေတာပဲ၊ သီလပိုင်းဆိုင်ရာမှာလဲ ဟိုရွှေ့သည်ရွှေ့ ရွှေ့ချင်ရွှေ့နေတာပဲ၊ သမာဓိပိုင်းဆိုင်ရာလဲ ဟိုရွှေ့သည်ရွှေ့၊ ရွှေ့ချင်ရာ ရွှေ့နေတာပဲ။

http://www.dhammadownload.com



ခန္ဓာအရှိ ဉာဏ်မျက်လုံးတပ်ပြီး ကြည့်ရှုရတဲ့ ဝိပဿနာပိုင်း ဆိုင်ရာလဲ ဟိုရွှေ့သည်ရွှေ့နဲ့ ရွှေ့ချင်ရာရွှေ့ပြီးနေတာပဲ၊ ဒါကတော့ ကိုယ့်သဘောပဲတဲ့။

ခန္ဓာရဲ့တာဝန်ကျတော့ ကိုယ့်သဘော အတိုင်း မရ။

"ခန္ဓာရယ်၊ ဒီနေ့ ငါ မကျွေးအားဘူးကွဲ့၊ ဒီနေ့တစ်ရက်တော့ မင်းသည်းခံပါကွယ်၊ နက်ဖြန်တော့ ငါ မင်းကို ချက်ကျွေးမယ်နော်"

ဘယ်ရမတုန်း၊ အတင်းရိုက်တောင်းတာ၊ ကမ္ဗဇတေဇောလို့ခေါ်တဲ့ ဝမ်းမီးနဲ့ အတင်းရှို့မြိုက်ပြီး ရိုက်တောင်းတာ၊ ကြောက်လွန်း လို့ဗျာ၊ မအားပဲနဲ့ ထမင်းချက်ကျွေးရတယ်၊ စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ဟောဒီခန္ဓာကိုယ်ကြီးကို ချက်ပြီးတော့ကျွေးရတယ်။

ကိုယ်ပိုင်ဖြစ်တဲ့ တရားစွမ်းအားတွေကို ပြုလုပ်အားထုတ်တဲ့အခါမှာတော့ စိတ်မပါရင် စိတ်မပါသလို ရွှေ့တာပဲ၊ ဒါကတော့ သဘောပဲတဲ့။

http://www.dhammadownload.com



တရားစွမ်းအားဆိုတဲ့ ကောင်းကျိုးကို မလိုချင်ဘူးဆိုရင် ရွှေ့ချင်ရွှေ့ပေါ့၊ မလုပ်ပဲနေချင်လဲ နေပေါ့၊ ဒါကတော့သဘောပဲတဲ့၊ တရားစွမ်းအားဆိုတာ စိတ်မနိုင်သလောက် နောက်ရွှေ့ကြတယ်။

ဒါကြောင့် သမုဒ္ဒရာဝမ်းတစ်ထွာ ကိစ္စအတွက် ကုသိုလ်ပွားအောင်ယူနေကြတာ၊ ဇိဃစ္ဆာ-ပရမာရောဂါ။

* **ရောဂါရောဂါ၊ ဘယ်ရောဂါ၊**
**ရောဂါပို၍ဆိုးသနည်း၊**

* **ဆာလောင်မှုဟာ၊ ထိုရောဂါ၊**
**ရောဂါပို၍ဆိုးသတည်း၊**

လောကရဲ့ရောဂါတွေထဲမှာ ဆာနာရောဂါကြီးသည် အဆိုး ဆုံးပါ၊ ဘာကြောင့်လဲဆိုတော့ တစ်နေ့(၂)ခါ ကုလို့တောင်မပျောက်တဲ့ ရောဂါဆိုးကြီးပါ၊ လောကမှာ အခြားရောဂါတွေဆိုတာက ဆေးတွေ့သွားရင် ပျောက်သွားတတ်တယ်၊ သက်သာသွားတတ်တယ်၊ ပျောက်ကင်းသွားတတ်တယ်။

http://www.dhammadownload.com



ဟောဒီဆာနာကြီး မနက်ပိုင်းပေါ်လာပြန်ပြီ၊ ကုလိုက်၊ ခဏသက်သာ၊ ညနေပိုင်း ပေါ်လာပြန်ရော။

ညနေပိုင်းပေါ်လာပြန်တော့ ညနေပိုင်းကျကုရပြန်ပြီ၊ ခဏသက်သာ၊ နောက်နေ့ပေါ်လာပြန်ရော၊ တစ်နေ့(၂)ခါတောင် ကုလို့ မပျောက်နိုင်တဲ့ ဆာနာရောဂါကြီး၊ ဒါကြောင့် မြတ်စွာဘုရားက ဇိဃစ္ဆာပရမာရောဂါ။

* **ရောဂါရောဂါ၊ ဘယ်ရောဂါ၊**
  **ရောဂါပို၍ဆိုးသနည်း၊**
* **ဆာလောင်မှုဟာ၊ ထိုရောဂါ၊**
  **ရောဂါပို၍ဆိုးသတည်း**

လို့ ဟောတော်မူခဲ့တာပေါ့၊ အဲဒီဆာနာကြီးကုဖို့ ကိုယ့်အတွက်လဲပဲ ဉာဏ်လေးနဲ့ကျွေးရမယ်၊ အများအတွက်လှူပြီဆိုတဲ့အခါမှာလဲ သဒ္ဓါ, ပညာ, မေတ္တာစွမ်းအားတွေနဲ့ ဆာနာပျောက်ကြပါစေ၊ ဆာနာပျောက်ကင်းသက်သာပြီးတော့ တစ်နေ့တာ, တစ်နေ့တာ ကျန်းကျန်းမာမာနဲ့ ဟောဒီ

http://www.dhammadownload.com



ခန္ဓာကိုယ်ကြီးကိုအသုံးချ၍ မိမိသူတစ်ပါး လောက သာသနာကောင်းကျိုးပြု စွမ်းအားတွေ ပြုလုပ် အားထုတ်နိုင်ကြပါစေလို့ အဲသလိုပေးရမှာပါ။

အဲဒီတော့ စားရေးကိစ္စအကြောင်းပြု၍ မိမိတို့မှာ ကုသိုလ်ချည်း ပွားကြရတယ်၊ အဝိဇ္ဇာ တဏှာလက်ထဲ အပ်ရင်တော့လဲ စွမ်းအားရမှာ မဟုတ်ဖူးပေါ့၊ သဒ္ဓါပညာလက်ထဲအပ်လိုက်လို့ ကိုယ့်ပစ္စည်းတွေ အဖိုးတန်သွားတာ။

* **ရောဂါထဲမှာ၊ ဆာလောင်တာ၊ လွန်စွာအဆိုးဆုံး၊**

ရောဂါတွေထဲမှာ ဆာနာကြီးသည် အဆိုးဆုံး၊ ဘာကြောင့်လဲဆိုတော့...

* **တစ်နေ့(၂)ခါ၊ ကုပါသော်လဲ၊ မပျောက်ပဲ၊ ကုမြဲတစ်သက်လုံး၊**

တစ်သက်လုံးကုနေရတဲ့ ရောဂါဆိုးကြီးတဲ့၊ တစ်နေ့(၂)ခါ ကုလို့တောင်မှ မပျောက်နိုင်တဲ့ ရောဂါကြီး။

* **ဆာနာပျောက်ရန်၊ အသိဉာဏ်၊ ရည်သန်သောဧဉ်သုံး၊**

ဒါကြောင့် ကိုယ့်အတွက်ကျွေးပြီဆိုတဲ့အခါ အဝိဇ္ဇာတဏှာ လက်ထဲမအပ်ပါနဲ့။

http://www.dhammadownload.com



"ဟော့...ခန္ဓာကြီး မင်းကို ငါကျွေးတော့မယ်၊ မင်းကို ကျန်းမာအောင်၊ အသက်ရှည်အောင်၊ ခွန်အားတိုးအောင်၊ ဉာဏ်ပညာပွားအောင် ကျွေးမယ်၊ မင်းကို ဒါနဘက်မှာလဲ ခိုင်းရမယ်ကွဲ့၊ သီလ, သမာဓိ, ပညာဆိုတဲ့ ကိုယ်ပိုင်တရားစွမ်းအား အရာတွေမှာလဲ မင်းကို ငါခိုင်းမယ်၊ အသုံးချမယ်...စသည်ဖြင့် တရားအသိလေးပါလာရင် စားဝတ်နေရေးဟာ တကယ့်ကို နိဗ္ဗာန်ရောက်ကြောင်းတရား ဖြစ်သွားတယ်။

*** ဆာနာပျောက်စေ၊ မေတ္တာဝေ၊ ပေးလေတရားသုံး၊**

ကိုယ့်လက်ထဲက ပေးပြန်တော့လဲ ဤစားဖွယ်ကို စားသောက်ခွင့်ရကြတဲ့ ပုဂ္ဂိုလ်တွေအားလုံး ဆာနာရောဂါတွေ ပျောက်ကင်းသက်သာကြပါစေ၊ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ ကိုယ်ပိုင်အားကိုးရမယ့် တရားစွမ်းအားတွေရအောင် အားထုတ်နိုင်ကြပါစေလို့ သဒ္ဓါ, ပညာ, မေတ္တာ အင်အားလေးတွေနဲ့ ပေးလိုက်တော့ ဒါနတင်မက တော့ဘူးလေ၊ ဘာဝနာစွမ်းအားတွေပါလာတယ်။

* * *

http://www.dhammadownload.com

# အမှိုက်ပုံထဲက ရွှေထုပ်ကောက်တယ်

ဒါကြောင့် ယူတတ်တဲ့ပုဂ္ဂိုလ်ကတော့ သာသနာတွင်းမှာ တရားချည်းပဲဗျ၊ အမှိုက်ပုံထဲက ရွှေထုပ်ကောက်တယ်ဆိုတာ ဒါပေါ့၊ မိမိတို့မှာ ရတနာကြောကြီးပေါ် ရောက်နေတာပဲ၊ အိပ်ရာထ ချိန်မှ အိပ်ရာဝင်ချိန်အတွင်း မိမိသွားနေတဲ့ နေရာ သည် ရတနာကြောကြီး၊ ဘယ်နေရာတူးကြည့် ကြည့် ဒါနပေါ်လာနိုင်တယ်။

မိသားစုအချင်းချင်း ကျွေးတာတောင် ပျော် စရာတကယ်ကောင်းတဲ့ အလှူပွဲကြီးဗျ၊ ဘယ် နေရာတူးကြည့်ကြည့် သီလတွေပေါ်လာနိုင်တယ်၊ မိသားစုတာဝန်ထမ်းရတာ၊ နိုင်ငံ့တာဝန်ထမ်းရတာ ဝေယျာဝစ္စ သီလကုသိုလ်တွေ ဖြစ်လို့။

http://www.dhammadownload.com



ဘယ်နေရာပဲတူးကြည့်ကြည့် သမာဓိစွမ်းအားတွေ ပေါ်လာနိုင်တယ်၊ သတိနဲ့ဝီရိယတွဲကြည့်ရင် ခဏိကသမာဓိလေးတွေ ပေါ်ပေါက်လာနိုင်တယ်၊ မေတ္တာစတဲ့ သမာဓိတွေ ပေါ်လာနိုင်တယ်။

ဘယ်နေရာပဲ တူးကြည့်ကြည့် သမာဓိစွမ်းအားမျှသာမက ဝိပဿနာစွမ်းအားတွေပါ ပေါ်ပေါက်လာနိုင်တယ်၊ ရတနာကြောကြီး ပေါ်နေရတာ၊ သာသနာရှိတဲ့နေရာမှာနေရတာ၊ သာသနာသမ္ပတ္တိခေတ်မှာ လူလာဖြစ်ရတာ ကိုယ့်ရဲ့လုပ်ပိုင်ခွင့်တွေ၊ ရလဒ်တွေ ယူတတ်သလောက်ရရှိပြီးတော့ နေကြပါတယ်။

* **ရောဂါထဲမှာ၊ ဆာလောင်တာ၊**
  **လွန်စွာအဆိုးဆုံး၊**
* **တစ်နေ့(၂)ခါ၊ ကုပါသော်လဲ၊ မပျောက်ပဲ၊**
  **ကုမြဲတစ်သက်လုံး၊**
* **ဆာနာပျောက်ရန်၊ အသိဉာဏ်၊**
  **ရည်သန်ဘောဇဉ်သုံး၊**
* **ဆာနာပျောက်စေ၊ မေတ္တာဝေ၊**
  **ပေးလေတရားသုံး၊**

http://www.dhammadownload.com



ဒါကြောင့် ပညာစီဝိ ဓီဝိတံ–ပညာဖြင့် အသက်မွေးခြင်းရှိတဲ့ ပုဂ္ဂိုလ်ရဲ့ အသက်မွေးခြင်း မျိုးကို၊ သေဋ္ဌ–အထူးသဖြင့် ချီးမွမ်းအပ်၊ မြတ်လှ ပေ၏ဟူ၍၊ အာဟု–ပညာရှိသူတော်ကောင်းတို့ ငြိမ့်ညောင်းသံချို၊ မိန့်ဆိုတော်မူကြလေကုန် သတည်း။

* * *

## ထင်းပုံကြီး
## အခြောက်တိုက်မီးရှို့သလို

သာသနာမျက်လုံးရထားတော့ ဘဝခန္ဓာ ထမ်းဆောင်တတ်တယ်၊ အဖိုးတန်အောင် အသုံး ချတတ်တယ်၊ တရားမှမပါလဲ လူ့ချမ်းသာဆိုတာ ဘာမှပြစရာမရှိပါဘူး၊ ခယဋ္ဌေနအနိစ္စာတဲ့၊ ကုန် ခန်းတတ်တဲ့ သဘောကြောင့် နောက်ဆုံး ဘာမှ မကျန်အောင် အကုန်ပျောက်သွားတတ်တဲ့ သဘော ရှိပါတယ်။

http://www.dhammadownload.com



တရားမပါပဲနဲ့ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေးအလုပ်လုပ်နေရင် လောကဥပမာ ဘာနဲ့ သွားတူလဲဆိုတော့ ထင်းပုံကြီး အိမ်ဝင်းထဲပုံပြီးမှ မီးရှို့ပစ်တာနဲ့တူတယ်။

ချက်ခြင်းပြုတ်ခြင်းကိစ္စမှာ အသုံးမချပဲ ထင်းပုံကြီးပုံပြီး အခြောက်တိုက် မီးရှို့ပစ်လိုက်ရင် မီးသွေးတောင်ရဖို့ မလွယ်၊ ပြာကျသွားအောင် မီးရှို့ပစ်လိုက်တော့ ကုန်သွားတာပဲရှိတယ်၊ ချက်ရေး ပြုတ်ရေးကိစ္စ ဘာမှမသုံးလိုက်ရဘူး။

ဒါမျိုးလိုပေါ့၊ ရွှေရှိတယ်ပြောပြော၊ ငွေရှိတယ်ပြောပြော၊ ပိုက်ဆံရှိတယ်ပြောပြော၊ ပစ္စည်းရှိတယ်ပြောပြော ခယရွှေနအနိစ္စာ၊ ကုန်ခမ်းသွားတတ်တဲ့ သဘောကြောင့် အကုန်လုံး အနိစ္စတွေချည်းပဲ။

နေ့စဉ် စားသောက်သုံးစွဲနေကြတဲ့ စားစရာသောက်စရာမျိုးစုံတွေ၊ မနက်ကစားလိုက်၊ ညနေကျ မရှိတော့ဘူး၊ ညနေပိုင်းစား၊ နောက်နေ့ကျတော့ မရှိပြန်တော့ဘူး၊ ဘာတွေပဲရှိရှိ အချိန်တန် အကုန် ကုန်သွားကြတာပဲ။

ကုန်သွားတော့ သင်္ချိုင်းရမီးပုံ၊ ဇရာမီးပုံကြီး ထဲမှာ ပုံ,ပုံပြီးတော့ အကုန်မီးရှို့ပစ်တာနဲ့တူတယ်၊

http://www.dhammadownload.com



ဘာမှရစရာမကျန်ခဲ့ရင် ဘာထူးလဲ၊ မီးရှို့ပစ်တာနဲ့ အတူတူပါပဲ။

ဒါနစွမ်းအားကိုမှ ရအောင်မယူတတ်ရင် သီလ, သမာဓိ, ပညာခေါ်တဲ့ ကိုယ်ပိုင်တရားစွမ်းအားကိုမှ ရအောင်မယူတတ်ရင် သင်္ခါရမီးပုံ၊ ဇရာမီးပုံကြီးထဲမှာ ထည့်ထည့်ပြီး မီးရှို့ပစ်တာနဲ့ ဘာထူးလဲ၊ မထူးဘူး။

အိမ်ဝင်းထဲမှာ ပုံထားတဲ့ထင်းပုံ၊ ထမင်းချက်ချိန်တန်တော့ ထမင်းအိုးနဲ့တန်အောင် ထင်းတွေကိုယူ၊ မီးဆိုက်၊ အလကား မီးရှို့ပစ်တာ မဟုတ်တော့ဘူးဗျ၊ မီးဆိုက်တာ၊ အသုံးချတာ။

ထင်းတော့ကုန်တယ်၊ ထမင်းကျက်တယ်၊ ပြစရာရှိတော့ အားရှိသွားတာပေါ့၊ ဟင်းချက်ရမယ့်အချိန် ရောက်ပြန်တော့ ဟင်းအိုးနဲ့တန်အောင် ထင်းတွေကိုယူပြီးတော့ မီးဆိုက်တယ်၊ အလကား မီးရှို့ပစ်တာ မဟုတ်ပါဘူး၊ ထင်းတွေကို အသုံးချတာပါ။

အသုံးချတော့ ထင်းတော့ကုန်တယ်၊ ဒါပေမယ့် ဟင်းကျက်တယ်၊ ကုန်သွားပေမယ့် တစ်ဖက်က ရလဒ်ကျန်တော့ အားရှိသွားတယ်။

http://www.dhammadownload.com



အဲသလို စသည်ဖြင့်ပေါ့၊ ထင်းတွေကို အလကားအခြောက်တိုက် မီးရှို့မပစ်ပဲ ချက်ပြုတ်ခြင်းကိစ္စမှာသုံးတဲ့ ပုဂ္ဂိုလ်တွေ ထင်းကုန်သွားသော်လဲ တစ်ဖက်က ကျက်တာလေးတွေ၊ အသုံးချစရာလေးတွေ ပေါ်လာတော့ အားရှိရတယ်။

* * *

http://www.dhammadownload.com

# လက်ကျန်ပြနိုင်ရင် အားရှိတယ်

ဒါမျိုးလိုပေါ့၊ နေ့စဉ်နေ့စဉ် မိမိတို့ခန္ဓာ ကိုယ်ကြီး ကျွေးလိုက်ရတာတွေ၊ ခန္ဓာကလဲ ဘဝ ခန္ဓာထမ်းဆောင်ဖို့ စရိတ်တယ်တောင်းတဲ့ ခန္ဓာ ကြီးပဲ၊ စရိတ်တကယ်တောင်းတဲ့ခန္ဓာ၊ သူ တောင်းသလောက် ပေးခဲ့ရတာတွေချည်းပဲ။

ဘာတွေပေးပေးပေါ့၊ တရားမပါရင်တော့ သင်္ချိုင်းဇရပ်မီးပုံကြီးထဲ ထည့်ထည့်ပြီး မီးရှို့ပေးနေ တာနဲ့ တူမယ်၊ သဒ္ဓါတရားလေးတွေ ပါလာရင်၊ သတိပါလာရင်၊ ပညာပေါ်ပေါက်လို့လာရင်တော့ စားစရိတ် ဒီနေ့ ဘယ်လောက်ကုန်တယ်၊ ဒါပေ မယ့် ဒါန ဟောဒီလောက်ကျန်တယ်၊ ကုန်ပေမယ့် တစ်ဖက်က အရပြနိုင်ပြီဗျ။

မိသားစုကို ဒီနေ့ကျွေးရတာ စားစရိတ်ဘယ် လောက်ကုန်တယ်၊ ဒါပေမယ့် ဒါန ဟောဒီ

http://www.dhammadownload.com



လောက်ကျန်တယ်၊ မိသားစုအချင်းချင်း ကျွေးရတာ ပျော်စရာတကယ်ကောင်းတဲ့ အလှူပွဲကြီးလို့ သူ့မှာ တွက်ကိန်းချကြည့်တော့ အလကား ထင်းတွေ မီးရှို့ပစ်တာမဟုတ်ဖူးဗျ၊ ထင်းတွေမီးဆိုက်ပြီး စနစ်တကျအသုံးချတော့ ကုန်သွားပေမယ့် တစ်ဖက်က မကုန်တာတွေ ကျန်ခဲ့ပါတယ်။

ဒီနေ့ ခန္ဓာကိုယ်အတွက် ဘာတွေဘယ်လောက် သုံးလိုက်ရတယ်၊ ဒါပေမယ့် သီလ, သမာဓိ, ဝိပဿနာ ဒီလောက်ကျန်တယ်၊ လက်ကျန်လေးတွေ ပြနိုင်တော့ အားရှိတာပေါ့။

ဒါကြောင့် ခန္ဓာဝန်ထမ်းတဲ့အခါမှာ အသိစွမ်းအားနဲ့ထမ်းတဲ့ ပုဂ္ဂိုလ်တွေမှာ ကုန်သွားတဲ့အထဲက မကုန်တာတွေရရှိလို့ တရားစွမ်းအားတွေ ပိုင်ဆိုင်ခွင့်ရပြီးတော့ အားရှိကြ ပျော်ရွှင်ကြရပါတယ်။

ဒါကြောင့် ဗုဒ္ဓဟူးဆွမ်းလောင်းအသင်းဒကာ, ဒကာမအပေါင်း သူတော်ကောင်းတွေ ကိုယ်ပိုင်တရားတွေရပြီး ပျော်ပြီးတော့နေကြတာ၊ ဆွမ်းလောင်းရတာ၊ သာသနာအတွက် အကျိုးများ

http://www.dhammadownload.com



တဲ့အလုပ်တွေ လုပ်နေရတာ စိတ်ထဲမှာကြည်နူး လို့၊ ကိုယ်လုပ်သင့်တာ လုပ်လိုက် ရတာဆိုတော့လဲ ဝမ်းသာကြည်နူးစရာ၊ ဂုဏ်ယူစရာကောင်းသွား တာပေါ့။

တရားစွမ်းအားဆိုတာ ယူတတ်သလောက် ရတယ်၊ ပြီးတော့ သာသနာအတွက် အကျိုးများ သွားတယ်။ သာသနာအသက်ရှည်အောင် ဆောင် ရွက်ပြီးတော့ပေးနိုင်တယ်။

သာသနာအတွက် အကျိုးများသွားလို့လဲ ကိုယ့်ရဲ့ပစ္စည်းတွေဟာ ရှာရကျိုးနပ်သွားတယ်၊ အမောကိုပြေပြီးမှ သွားတယ်။

* * *

# တရားဆိုတာ ဆင်းရဲသူချမ်းသာဖို့

ဘုရားလက်ထက်က မပေါက်ပေါက်ဆိုတဲ့ အမျိုးသမီးတစ်ယောက်၊ လယ်တောမှာ လယ် တောစောင့်တာဝန် ထမ်းဆောင်နေစဉ်၊ တချို့ စပါးတွေမှည့်လို့၊ ပေါက်ပေါက်လှော်တယ်၊ ပေါက်

http://www.dhammadownload.com



ပေါက် လှော်တာက လှူဖို့တန်းဖို့ မဟုတ်ပါဘူး၊ စားဖို့သောက်ဖို့အနေနဲ့ လှော်တယ်။

အဲဒီအချိန်မှာ အရှင်မဟာကဿပမထေရ်ရဲ့ မြတ်ကြီးက သမာပတ်မှ ထလာတဲ့အခါ လောကကို ကြည့်လိုက်တယ်၊ ပညာရှိသူတော်ကောင်းကြီးများသည် ဆင်းရဲသူကို ဦးစားပေးစမြဲပါ၊ ဘာဖြစ်လို့တုန်းဆိုတော့ တရားဆိုတာ ဆင်းရဲသူ ချမ်းသာဖို့ပဲ၊ တရားဆိုတာ အဆင့်နိမ့်သူကို အဆင့်မြင့်သွားစေဖို့ပဲ၊ တရားဆိုတာ ပူလောင်နေတဲ့ပုဂ္ဂိုလ် ငြိမ်းအေးသွားဖို့ပဲ။

ဒါကြောင့် ပညာရှိသူတော်ကောင်းကြီးတွေ ဖြစ်များသာ ဖြစ်နိုင်ရင် ဆင်းရဲတဲ့ပုဂ္ဂိုလ်အကုန်လုံး ချမ်းသာသွားစေချင်တာပေါ့၊ ဖြစ်များသာဖြစ်နိုင်ရင် ပူလောင်နေတဲ့ပုဂ္ဂိုလ် အကုန်လုံးငြိမ်းအေးသွားစေချင်တာပေါ့၊ အဆင့်နိမ့်တဲ့ပုဂ္ဂိုလ်တွေ အကုန်လုံးကို (ဖြစ်များသာဖြစ်နိုင်ရင်) အကုန်မြင့်မားအောင် ဆောင်ရွက်ပေးချင်တာပေါ့၊ သို့သော် ဆောင်ရွက်ပေးထိုက်မှ ဆောင်ရွက်ပေးလို့ ဖြစ်တာပါ။

http://www.dhammadownload.com



အရှင်မဟာကဿပမထေရ်မြတ်ကြီး သမာပတ်ကထလာ၊ ဒီနေ့ ဘယ်ဆင်းရဲသား ငါ ချီးမြှောက်ရမလဲ၊ ဉာဏ်နဲ့ဖြန့်ကြည့်လိုက်တော့ လယ်တောမှာပေါက်ပေါက်လှော်နေတဲ့ မပေါက်ပေါက်လေးကို ဉာဏ်နဲ့ မြင်တော်မူတယ်။

* * *

## ဆင်းရဲတိုင်း ချီးမြှောက်လို့မရ

ဩော်...ဆင်းရဲသူမလေး၊ ဆင်းရဲတိုင်းလည်း ချီးမြှောက်လို့မရသေးဘူး၊ သဒ္ဓါတရားကော ရှိရဲ့လား၊ တရားရဲ့ အဓိကကုန်ကြမ်းပစ္စည်းဆိုတာ စိတ်ကောင်းလို့သိတယ်နော်။

စိတ်ကောင်းကို သဒ္ဓါတရားကသာ ဖော်ထုတ်နိုင်တာ၊ စိတ်ကောင်း အရင်းအနှီးမရှိရင် ပိုက်ဆံဘယ်လောက်ပေါပေါ ပညာရှိတွေ လက်မြှောက်တယ်ဗျာ၊ မတာပနိုင်ဘူးတဲ့။

http://www.dhammadownload.com



အားချိန်တွေ ဘယ်လောက်ပဲရရ၊ စိတ်ကောင်းအရင်းအနှီး မစိုက်နိုင်သူတွေတော့ ပညာရှိတွေ လက်မြှောက်တယ်၊ ဆင်းရဲချင် ဆင်းရဲပါစေ၊ သဒ္ဓါတရားရှိရင် ပညာရှိတွေ ချီးမြှောက်တယ်၊ သူတော်ကောင်းကြီးတွေ ချီးမြှောက်တယ်။

သူ့မှာ သဒ္ဓါတရားကော ရှိရဲ့လား?၊ ရှိတယ်၊ ဆင်းရဲတာ, ဆင်းရဲတာတခြားပဲ၊ သဒ္ဓါတရားသိပ်ကောင်းတယ်။

ယခုလောလောဆယ် ကုသိုလ်ပြုဖို့ အခွင့်ရှိရဲ့လား၊ ဪ... ပေါက်ပေါက်လှော်နေတော့ အလှူဒါနလုပ်ဖို့လဲ သူ့မှာ အခွင့်အရေးရနေသားပဲ။

အရှင်မဟာကဿပမထေရ်မြတ်ကြီး မနက်ပိုင်းမှာ သင်္ကန်းရုံ၊ သပိတ်ပိုက်ပြီး လယ်တောဆွမ်းခံကြွတယ်ဗျ။

ဒီလို အရှင်မြတ်ကြီးများ မြို့ထဲဘယ်နားကြွကြွ ဆွမ်းလောင်းချင်တဲ့ပုဂ္ဂိုလ်၊ ဆွမ်းလှူချင်တဲ့ပုဂ္ဂိုလ်တွေ တန်းစီလို့၊ ဒါပေမယ့် ပညာရှိသူတော်ကောင်းတွေရဲ့ နှလုံးသွင်းဆိုတာ ငါချမ်းသာဖို့ထက် သူချမ်းသာဖို့က အရေးကြီးတာ၊ သိပ်မြတ်နိုးဖို့ကောင်းတယ်။

http://www.dhammadownload.com



ငါကောင်းကောင်းရဖို့ဆိုတာထက် သူချမ်းသာဖို့က အရေးကြီးတယ်၊ ငါကောင်းကောင်း မွန်မွန် သုံးရမယ်ဆိုတာထက် ဟောဟိုက ဆင်းရဲတဲ့ပုဂ္ဂိုလ် ချမ်းသာဖို့က ပိုလို့ အရေးကြီးတယ်၊ (ကိုယ့်အတွက် ဦးစားမပေးဘူးဗျ)

ဒီလိုအရှင်မြတ်ကြီးအနေနဲ့ ဘယ်နေရာပဲ ကြွကြွ ဆွမ်းလောင်းချင်တဲ့ပုဂ္ဂိုလ်တွေ သိပ်ပေါ၊ ဒါပေမယ့် မြို့ထဲကိုမသွားပါဘူး၊ လယ်ထဲ ဆွမ်းခံကြွတယ်၊ လယ်ကန်သင်းပေါ်လျှောက်ပြီးတော့ ဆွမ်းခံကြွတယ်။

မပေါက်ပေါက်က လှမ်းမြင်၊ သဒ္ဓါတရားက ရှိ၊

"ဩော်...ငါ့မှာ လှူစရာအကောင်းအမွန် မဟုတ်ပေမယ့် ပေါက်ပေါက်တော့ရှိတယ်၊ ဟောဟိုမှာ အရှင်မြတ်ကြီးပါလား၊ ကြွတော်မူပါဘုရား၊ ကြွတော်မူပါ"လို့ ပင့်။

အရှင်မြတ်ကြီးသပိတ်ထဲ လောင်းလှူ၊ ဒါန မူအတိုင်းပေါ့လေ၊ သူက ဆင်းရဲပေမယ့် တရားတော့နာဖူးတယ်၊ ဒါကြောင့် အလှူကို မူအတိုင်း သူလုပ်ပါတယ်။

http://www.dhammadownload.com



"အရှင်ဘုရား ဘုရားတပည့်တော်မ ဤ အလှူလှူရတာ ရှိလို့လှူတာ မဟုတ်ပါဘူးဘုရား၊ အသိတရားရှိလို့သာ ဘုရားတပည့်တော်မ လှူရ တာပါဘုရား"

* * *

http://www.dhammadownload.com

# အဝိဇ္ဇာက မျက်နှာဖုံးစွပ်ပြီး တဏှာက ဓားပြတိုက်တယ်

အလှူတစ်ခုလုပ်တဲ့အခါ ဓားပြတိုက်တယ်ဗျ၊ အဝိဇ္ဇာက မျက်နှာဖုံးစွပ်ပြီး တဏှာက ဓားပြတိုက်လိုက်။

"ကွယ်...လှူချမ်းသာတော်ရောပ၊ နတ်ချမ်းသာလေးရလဲ တော်ပါပြီကွယ်၊ ရုပ်ကလေးလှဖို့လောက် တော်ရောပေါ့၊ ပိုက်ဆံပေါ တော်ရောပေါ့၊ ဒီဘဝစားဖို့သောက်ဖို့ ပြည့်စုံ တော်ရောပေါ့"နဲ့ အဝိဇ္ဇာက မျက်နှာဖုံးစွပ်ပြီး တဏှာက ဓားပြတိုက်တယ်။

http://www.dhammadownload.com



ဉာဏ်မရှိသူမှာ ဓားပြသိပ်ပေါတယ်၊ အလှူ လုပ်တိုင်းမှာ အလှူ ဒါနက အပြည့်ရချင်မှရတာဗျ၊ ဓားပြက သိပ်ပေါတာ။

မပေါက်ပေါက်လေး အလှူလုပ်တာ ဓားပြ အတိုက်မခံနိုင်ဘူး၊ ဉာဏ်ဦးဆောင်ထားတယ်။

"ဘုရားတပည့်တော်မ ဤပေါက်ပေါက်ကို လှူရတာက ရှိလို့လှူတာမဟုတ်၊ သိလို့လှူတာပါ ဘုရား၊ အကောင်းအမွန်တော့ မဟုတ်ဖူးဘုရား၊ ဒါပေမယ့် အပ်အပ်စပ်စပ်နဲ့ရတဲ့ စင်ကြယ်တဲ့ ပစ္စည်းပါဘုရား၊ ဘုရားတပည့်တော်မကို ချီး မြှောက်သောအားဖြင့် အလှူခံတော်မူပါဘုရား၊

ဤပေါက်ပေါက်ကို လှူဒါန်းရတဲ့ ကောင်းမှု ကုသိုလ်ကြောင့် ဘုရားတပည့်တော်မ လောကီ စည်းစိမ်တွေ မတောင့်တပါဘုရား၊ အရှင်ဘုရား များ ထိုးထွင်းသိပြီးဖြစ်တဲ့ သစ္စာလေးပါး အမှန် တရားကိုသာ ဘုရားတပည့်တော်မ ထိုးထွင်းသိပါ ရစေဘုရား"

ဆုတောင်းပုံလေးက တော်တော်နေရာကျ၊ ဒါနဲ့ အရှင်မဟာကဿပမထေရ်မြတ်ကြီးကလဲ အလှူခံပေါ့။

http://www.dhammadownload.com



"သင်တောင်းတဲ့ဆုနဲ့ ပြည့်စုံစေ"...လို့ အနုမောဒနာစကား မိန့်ကြား၊ ပြန်ကြွသွား၊ ပေါက်ပေါက်ပဲ ဘုဉ်းပေးတာပဲ။

မပေါက်ပေါက်လဲ ဒီနေ့တင်ပဲ ကွယ်လွန်ပြီး နတ်ပြည်ရောက်၊ လူ့ပြည်လာ၊ မြတ်စွာဘုရား ထံက တရားနာ၊ သောတာပန်ဖြစ်သွားတယ်။

သမုဒ္ဒရာဝမ်းတစ်ထွာကိစ္စကို အကြောင်း ပြုပြီးတော့ ကောင်းမှုတိုးသွားတယ်။

"ဪ...ပေါက်ပေါက်လေးတစ်ထပ်စာ သာသနာအတွက် ကျေးဇူးများသွားပါသွားပြီကော၊ ဝမ်းသာလိုက်ရတာ၊ ပဇ္ဇည်းက အဖိုးမတန်ဘူး ထင်ရသော်လဲ သာသနာ့ထိပ်ခေါင်တင် အရှင် မြတ်ကြီးရဲ့ လက်ထဲမှာ ငါလောင်းလှူလိုက်ရပြီ ဖြစ်လို့ သာသနာအတွက် အကျိုးများလိုက်တာ၊ ငါလှူတဲ့ဆွမ်းလေးတစ်ထပ်သည် သာသနာတည် နေသမျှ အဆက်ဆက်ကျေးဇူးပြုသွားမယ့် အင် အားပါလား"လို့ ဝမ်းသာလိုက်ရတယ်။

http://www.dhammadownload.com



ဒီဘဝတင် သောတာပန်၊ ဒီဘဝ နတ်ပြည်ရောက်၊ နတ်သမီးဘဝမှာလဲ သောတာပန် ဖြစ်သွားပါတယ်။

* * *

http://www.dhammadownload.com

# တရားဆက်သွယ်ရေးကောင်းလို့

ဘုရားရှင်လက်ထက်က ရာဇဂြိုဟ်မြို့မှာ ကျွန်မလေးတစ်ယောက် (ပါဠိလို ပုဏ္ဏာ၊ မြန်မာလိုတော့ မပြည့်စုံ)၊ ရာဇဂြိုဟ်သူဌေးအိမ်မှာ နေရတယ်၊ စိတ်ကောင်းစိတ်မြတ် အင်မတန်ထားတတ်တယ်၊ ခန္ဓာဝန်ထမ်းဆောင်တဲ့အပိုင်းမှာ အသိဉာဏ်ရှိတော့ သိပ်သက်သာတာပေါ့ဗျာ။

တရားလဲ မကြာမကြာနာရ၊ တရားဆက်သွယ်ရေးကောင်းတော့ စိတ်နှလုံးကောင်းအောင်ထားတတ်တယ်ပေါ့၊ ရုပ်ခန္ဓာကြီးကသာ ကံမကောင်း အကြောင်းမလှလို့ သူများအိမ်မှာ ကျွန်ဖြစ်ရတာ၊ စိတ်က ကျွန်ဖြစ်မခံနိုင်ဘူးတဲ့၊ သူ့စိတ်ကလေးက တယ်ကြံ့ခိုင်ပါလား။

http://www.dhammadownload.com



ဘုရားအာရုံ၊ တရားအာရုံ၊ ကုသိုလ်အာရုံ၊ သတိပဋ္ဌာန်အာရုံ၊ ကိုယ်ပိုင်တရားအာရုံတွေနဲ့ နီးကြားတက်ကြွစွာနဲ့ ကိုယ်ပိုင်အလုပ်ကို ပြုံးရွှင်ကြည်လင်စွာနဲ့ အားထုတ်တယ်။

အိမ်မှာ ရာဇဂြိုဟ်သူဌေးရဲ့ အလှူအတန်းကိစ္စဆိုရင် သူက ရှေ့က။ "အို...ဒါလဲငါ့အလုပ်ပါ၊ ငါ့စေတနာ ငါ့အကျိုးပေးမှာ" အဲသလို စသည်ဖြင့် စိတ်ကောင်းလေးတွေထား ဆောင်ရွက်၊ မေတ္တာတရားကအားကြီး၊ စေတနာသိပ်ကောင်း။

* * *

http://www.dhammadownload.com

# တရားရဲ့ကုန်ကြမ်းသည်စိတ်ကောင်း

တရားရဲ့ကုန်ကြမ်းဟာ စိတ်ကောင်းပဲဆိုတာ သူကသိထားတော့ စိတ်ကောင်းစိတ်မြတ်လေးတွေ အမြဲတမ်းထား၊ "ဒါလဲ ငါ့အလုပ်ပဲ၊ ငါ့စေတနာ ငါ့အကျိုးပေးမှာပါ" အဲသလိုသဘောထားတယ်။

အိမ်သူအိမ်သားတွေ တစ်အိမ်လုံးကလဲ ချစ်ကြ မြတ်နိုးကြ၊ ကျွန်လို့သာဆိုရတယ်နော် သမီးအရင်းလိုပဲ။

နေ့စဉ် ရတနာသုံးပါးဦးထိပ်ထား၊ မေတ္တာ တရားတွေပွား၊ တရားလဲ မကြာမကြာနာကြား ခွင့်ရတော့ အသိကရှိ၊ စိတ်ကောင်းစိတ်မြတ် ထားတတ်ပါတယ်။

http://www.dhammadownload.com



တစ်ချိန်တော့ သူဟာ သူ့ဝေစုရတဲ့ ဆန်ကြမ်းမုန့်ကလေး (အကောင်းစားလဲ မဟုတ်ပါဘူး၊ များများလဲ မဟုတ်ပါဘူး)ကို ရေခပ်ဆိပ်ရောက်မှ စားမယ်ဆိုပြီး ရေအိုးယူ၊ စားစရာလေး လက်ကကိုင်ပြီးမှ ရေခပ်ဆိပ်ကိုသွား။

* * *

http://www.dhammadownload.com

## အနေစုတ်ပေမယ့် ရွှေထုပ်တဲ့မြပဝါ

အဲဒီအချိန်မှာ မြတ်စွာဘုရားကလဲ လောကကို ဉာဏ်ဖြန့်လို့ ကြည့်တော်မူလိုက်တယ်၊ ဉာဏ်ထဲမှာ ''မပြည့်စုံ''ဆိုတဲ့ ကျွန်မလေး ပေါ်လာတယ်၊ အနေစုတ်ပေမယ့် ရွှေထုပ်တဲ့မြပဝါ။

အနေတော့စုတ်တာပေါ့၊ ကျွန်မပဲ၊ သို့သော်လဲ ရွှေထုပ်တဲ့ပဝါ၊ ဘုရား, တရား, သံဃာ, ရတနာသုံးလုံး (ရွှေသုံးလုံး)ကို ထုပ်ထားနိုင်တဲ့ သဒ္ဓါတရားအလွန်ကောင်းတဲ့ ပဝါလေးပဲ၊ မေတ္တာ ကရုဏာ အလွန်တရာအားကြီးတဲ့ စိတ်ကောင်း စိတ်မြတ်လေးတွေနဲ့ အများအကျိုး သယ်ပိုးဆောင်ရွက်နိုင်တဲ့ စိတ်ကောင်းစိတ်မြတ် ရွှေတွေကို ထုပ်ထားနိုင်တဲ့ တကယ်စင်ကြယ်တဲ့ ပဝါလေး ပဲလို့ တင်စားရလောက်အောင် ချီးမြှောက်ရမယ့်

http://www.dhammadownload.com



ပုဂ္ဂိုလ်အဖြစ် မြတ်စွာဘုရား မြင်တော်မူလို့ အရှင်အာနန္ဒာနဲ့ အတူတူ ရာဇဂြိုဟ်မြို့ထဲဆွမ်းခံကြွ။

မပြည့်စုံ (မပုဏ္ဏာ)နဲ့ လမ်းမှာတွေ့တော့ မပြည့်စုံက သဒ္ဓါတရားတွေပေါက်၊ "အို...တော်ပါစေဟယ်၊ တစ်ထပ်တော်လို့ ဘာဖြစ်မှာမှတ်လို့၊ ဒီသမုဒ္ဒရာဝမ်းတစ်ထွာကိစ္စဆိုတာ အစမထင်သံသရာထဲက ဆောင်ရွက်ခဲ့ရတာ၊ ငါတော့ ဒီသမုဒ္ဒရာဝမ်းတစ်ထွာကိစ္စအတွက် ကုသိုလ်ကိုပဲ အမြတ်ထုတ်မယ်၊ မြတ်စွာဘုရားအလှူခံရင် မြတ်စွာဘုရားကို အကုန်လှူလိုက်တော့မယ်၊ ငါမစားတော့ဘူး"...လို့ ဆုံးဖြတ်ပြီး ဘုရားနား ချဉ်းကပ်၊ သူ့လက်ထဲကပါလာတဲ့ မုန့်တွေ အကုန်လှူပါတယ်။

"တပည့်တော်မ ဉာဏ်မုန့်လှူတာ ရှိလို့ မဟုတ်ပါဘူးဘုရား၊ သိလို့ပါဘုရား၊ ဘုရားတပည့်တော်မ အလှူသည် ရှိအလှူ သိအလှူ နှစ်မျိုးရှိရာမှာ သိအလှူပါဘုရား၊ ဘုရားတပည့်တော်မ လိုချင်တာကလဲ ဉာဏ်အလှူကြောင့် ပစ္စည်းတွေ ပေါပါရစေလို့ အဓိကထားလှူခြင်း မဟုတ်ပါဘုရား၊ ရှင်တော်မြတ်ဘုရား သိပြီးဖြစ်တဲ့ သစ္စာလေးပါး

http://www.dhammadownload.com



ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါ ငါးစွဲတွေ၊ ငါ့ဟာစွဲတွေ၊ အစွဲတွေ တစ်စ,တစ်စ လျော့၊ လျော့ရာက ပျောက်၊ ဝိပဿနာဉာဏ်တွေရင့်၊ သောတာပန်ဖြစ်သွားတယ်တဲ့၊ ချီးမြှောက်ထိုက်လို့ ဘုရားက ချီးမြှောက်တာပဲ။

အဲသလိုဆိုရင် ယခု ဗုဒ္ဓဟူးဆွမ်းလောင်းအသင်း ဒကာ,ဒကာမအပေါင်း သူတော်ကောင်းတွေ သမုဒ္ဒရာဝမ်းတစ်ထွာကိစ္စ အကြောင်းပြုပြီးတော့ သာသနာအတွက်အကျိုးများတဲ့ကိစ္စ ဆောင်ရွက်လိုက်ရတာ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတွေ အများကြီးရကြပြီပေါ့။

ဒါကြောင့် ကတပုညတံ-ပြုအပ်ပြီးသောကောင်းမှုရှိသည်၏ အဖြစ်ကို၊ ကတပုညတံ-သမုဒ္ဒရာဝမ်းတစ်ထွာကြောင့်၊ ကောင်းစွာပွားတိုး၊ လူ့တန်ခိုးကို၊ ပဏ္ဍိတာ-ဘုရားအစရှိကုန်သော ပညာရှိသူတော်ကောင်းတို့သည်၊ ပသံသန္တိ-ကောင်းစွာမသွေ၊ ချီးမွမ်းတော်မူကြလေကုန်သတည်း။

* * *

http://www.dhammadownload.com



အမှန်တရားကိုသာ ဘုရားတပည့်တော်မ ထိုးထွင်း သိပါရစေဘုရား”

ကျွန်လို့သာပြောတယ်၊ စိတ်က ကျွန်စိတ်မှ မဟုတ်ပဲ၊ သခင်စိတ်ပဲ၊ အသိဉာဏ်ရှိတယ်၊ အဲဒါနဲ့ ဘုရားကိုမှန့်လှူ၊ ဘုရားကလဲ အလှူခံ တရားဟော၊ သစ္စာလေးပါး ဝိပဿနာတရား တွေပြ၊ တရားဟော၊ မပြည့်စုံလေး ခန္ဓာဉာဏ်စိုက် တရားနာ၊ ဝိပဿနာတရား နှလုံးသွင်း ဆင်ခြင် ပွားများပြီးတော့ တရားနာတယ်။

* * *

# ခန္ဓာတိဗ္ဗိဖွင့်ကြည့်တာ

ဝိပဿနာတရားပွားပြီး ခန္ဓာတိဗ္ဗိဖွင့်ကြည့် တာပေါ့၊ ခန္ဓာ ရုပ်မြင်နာမ်ကြားစက်ကြီး ဖွင့် ကြည့်လိုက်တော့ ရုပ်ရှိတယ်၊ နာမ်ရှိတယ်၊ ငါတို့ ငါ့ဟာတို့ဟာ စကားပဲရှိတယ်၊ တကယ်တမ်း မရှိဘူး။

http://www.dhammadownload.com

# ပညာဦးစီး အလှူကြီး

တိပိဋကဓရ–ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ (ယော)ဆရာတော်

*(သာသနာတော်နှစ် ၂၅၃၆–ခု၊ ကောဇာသက္ကရာဇ် ၁၃၅၄–ခု၊ နှောင်းတန်ခူး လဆန်း (၈)ရက်၊ ၁၉၉၃–ခု၊ မတ်လ(၃၀)ရက်၊ အင်္ဂါနေ့ညတွင် ရန်ကုန်တိုင်း၊ ဝဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ အမှတ်(၃) အထကကျောင်းဝင်းတရားမဏ္ဍာပ်၌ ဆရာစံရပ်ကွက်လုံးဆိုင်ရာ မလွန်ဆန်လှူသင်းထောက်၏ (၁၇)ကြိမ်မြောက် ကျင်းပအပ်သောဆွမ်းဆန်တော်အလှူ တရားပွဲအတွက် အနုမောဒနာတရားအဖြစ်ဖြင့် ဓမ္မဒါန ဓမ္မလက်ဆောင်အဖြစ်ဖြင့် ဟောကြားအပ်သော တရားဖြစ်သည်။)*

## လောကမျက်စိ, ဓမ္မမျက်စိ

အလှူတစ်ခု ဘယ်လောက်ကြီးကျယ်တယ်ဆိုတာ လောကမျက်စိ နဲ့ ကြည့်တဲ့အပိုင်းရှိတယ်၊ ဓမ္မမျက်စိနဲ့ ကြည့်တဲ့အပိုင်းရှိတယ်။

http://www.dhammadownload.com



လောကမျက်စိနဲ့ကြည့်တဲ့အခါမှာ ပစ္စည်း ပမာဏလဲ ကြည့်တတ်တယ်၊ အခမ်းအနားပမာဏ လဲ ကြည့်တတ်တယ်။

ဓမ္မမျက်စိနဲ့ကြည့်တဲ့အခါကျတော့ ပညာ ဘယ်လောက်ဦးစီးသလဲ၊ ရည်မှန်းချက် ဘယ် လောက်ကောင်းသလဲ၊ လမ်းကြောင်းဘယ်လောက် ရှင်းသလဲ၊ လုပ်ငန်းဘယ်လောက်သပ်ရပ်သလဲ၊ အဲသလို စသည်ဖြင့် လုပ်ငန်းသဘောကို ပညာနဲ့ တိုင်းတာပြီးတော့ ကြည့်ပါတယ်။

ဒါကြောင့် ပညာဦးစီးအလှူကြီးဆိုတာ ပစ္စည်းပမာဏဆိုတာထက် ပညာဦးစီးဖို့ အရေး ကြီးတယ်၊ ပညာဦးစီးရင် ပစ္စည်းနည်းနည်းလေးပဲ ဖြစ်ပါစေ အလှူကြီးလို့ပဲ ခေါ်ဆိုရတယ်။

* * *

http://www.dhammadownload.com

# ပကာသန(၂)မျိုး

ပကာသန(၂)မျိုးရှိတယ်၊ လောကပကာသန၊ ဓမ္မပကာသနတဲ့၊ လူတွေနားလည်ကြတာကတော့ ပကာသနလို့ကြားလိုက်ရင် လောကပကာသနပဲ နားလည်ကြတာပါ။

လောကပကာသနဆိုတာ တဏှာ, မာန, ဒိဋ္ဌိ ဦးစီးပါတယ်၊ ချဲ့လို့လဲမပြီးနိုင်ပါဘူး၊ ဆုံးလဲမဆုံးနိုင်ပါဘူး၊ ပြီးသွားတာနဲ့ မောတာချည်းပါပဲ။

ဓမ္မပကာသနဘက်မှာ ပညာဦးစီးပါတယ်၊ ချဲ့ချင်သလောက် ချဲ့စမ်းပါ၊ သပ်သပ်ရပ်ရပ်၊ အေးအေးမြမြ၊ ရှင်းရှင်းလင်းလင်း၊ တည်တည်ငြိမ်ငြိမ်၊ ရင့်ရင့်ကျက်ကျက် စွမ်းအားအပြည့်နဲ့၊ ပြီးတော့လဲ ပျော်လိုက်ရတာ၊ ဝမ်းသာလိုက်ရတာ။

http://www.dhammadownload.com



ဒါကြောင့် ယခု ဒကာ, ဒကာမအပေါင်း သူတော်ကောင်းတွေလုပ်တဲ့ သာသနာပြု မြတ်ကောင်းမှုက လောကပကာသနနဲ့ လုပ်နေခြင်း မဟုတ်၊ ဓမ္မပကာသနနဲ့ လုပ်နေခြင်းပါ။

ဓမ္မပကာသနက ဒါနအင်အားတွေပေါ်လာအောင် ထင်ရှားပြမယ်၊ သီလအင်အားတွေ၊ သမာဓိအင်အားတွေ၊ ပညာအင်အားတွေနဲ့ တရားအင်အားတွေပေါ်လာအောင် ထင်ရှားပြပေးမယ်။

မိမိတို့ စိတ်ကောင်းတစ်ခုထားလိုက်လို့ သာသနာအတွက် ကျေးဇူးများလိုက်ပုံကလဲ ဉာဏ်နဲ့တွေးကြည့်တိုင်း, တွေးကြည့်တိုင်း အလွန်ဝမ်းမြောက်စရာကောင်းတယ်။

* * *

http://www.dhammadownload.com

# လောကပကာသန
# ဦးစားပေးလိုက်ပုံများ

မြို့ကြီးတစ်မြို့မှာ အလှူဒကာနာမည်က ဦးဖိုးထိန်၊ အလှူ့အစ်မနာမည်က ဒေါ်မှိန်တဲ့၊ သူတို့က ရဟန်းခံရှင်ပြုအလှူကြီး အကြီးအကျယ် လုပ်တယ်၊ အကြီးအကျယ်ဆိုတာက လောကပကာသနဘက်ကကြည့်ပြောတာပါ၊ သိန်းပေါင်းများစွာ အကုန်အကျခံပြီးတော့ လှူတဲ့အလှူပွဲကြီး တစ်ခုပါ။

လောကပကာသနကို ဦးစားပေးလိုက်ပုံများ အလှူအကြိုညတွေမှာ ရုပ်ရှင်တွေ၊ ဇာတ်တွေ၊ အငြိမ့်တွေ စတဲ့ ပျော်ပွဲရွှင်ပွဲတွေထည့်လို့။

http://www.dhammadownload.com



မပါတဲ့ပျော်ပွဲရွှင်ပွဲဟာ မရှိသလောက် တစ်ခါတည်း ခြိမ့်ခြိမ့်သဲ ထည့်လိုက်တာ ပိုက်ဆံကြေးငွေတွေ သောက်သောက်လဲ အကုန်အကျခံပြီး လုပ်တဲ့အလှူပွဲကြီးပေါ့။

တစ်ညလုံး ပျော်ပွဲရွှင်ပွဲတွေ၊ ဇာတ်၊ အငြိမ့်၊ ရုပ်ရှင်တွေနဲ့ လူတွေလဲ အလွန်စည်ပေါ့၊ အဲဒါနဲ့ လောကပကာသနသိပ်များတော့ ဦးဖိုးထိန်တို့၊ ဒေါ်မှိန်တို့ တစ်ညလုံး မအိပ်ရရှာဘူး။

အလှူပွဲနေ့မနက်ပိုင်းရောက်ပြန်တော့ ဖိတ်ကြားထားတဲ့ ပရိသတ်တွေက မျက်နှာကြီးတွေချည်း အများကြီးဖိတ်ထားတယ်၊ အထက်တန်းလွှာတွေချည်း အများကြီးဖိတ်ထားတယ်။

တစ်မနက်လုံး ဝတ္တရားကျေအောင် ဧည့်ခံရတာတွေက အင်မတန်များ၊ ဟုတ်,ဟုတ်ပါ့မလား၊ ဟန်,ဟန်ပါ့မလား၊ အဆင်မှပြေပါ့မလား၊ လောက်မှ လောက်ပါ့မလား၊ အကွက်မှ စေ့ပါ့မလားလို့ တွေးလိုက်ရ၊ ကြောင့်ကျလိုက်ရတာလဲ မပြောနဲ့။

တစ်ညလုံးမအိပ်ရလို့ ပင်ပန်းတာက တစ်မျိုး၊ ဧည့်ဝတ်ကျေပါ့မလားလို့ ကြောင့်ကျစိတ်တွေနဲ့ ပူတာကတစ်မျိုးနဲ့ တစ်မနက်လုံး

http://www.dhammadownload.com



အေးအေးချမ်းချမ်းကို (ဦးဖိုးထိန်ရော၊ ဒေါ်မှိန်ရော) မရှိရှာဘူး။

အဲဒါနဲ့ မနက်ပိုင်းကျွေးမွေးညှော်ခံခြင်းကိစ္စ အားလုံးလဲပြီးရော တရားနာ အလှူရေစက်ချပွဲက နေ့လည်ပိုင်း၊ အားလုံး စားသောက်သိမ်းဆည်းပြီး ကာမှ လုပ်တယ်။

အဲဒီအချိန်ကျတော့ ဖိတ်ကြားထားတဲ့ ပရိသတ်ကလဲ ဘယ်ရှိတော့မလဲ၊ အကုန်ပြန်ကုန် ကြပြီ၊ ကျန်ရစ်တာက မိသားစုလေးပဲ၊ တရားနာရ မယ့်အချိန်ကျတော့ မိသားစုလေးပဲ ကျန်တယ်။

အဲဒီအချိန်မှာ တရားဟောတာဝန်ကျတဲ့ ဘုန်းကြီးက ပရိသတ်ကို အကဲခတ်ပါတယ်၊ ပရိသတ်ကို အကဲခတ်တယ်ဆိုတာက နည်းတာ များတာ လိုရင်းမဟုတ်ပါဘူး၊ စိတ်ဝင်စားမှု ရှိ,မရှိကို အကဲခတ်တာပါ။

စိတ်များသာဝင်စားရင် အလှူ့ဒကာနဲ့ အလှူ့ အစ်မနှစ်ယောက်သာ စိတ်ဝင်စားစမ်းပါစေ၊ သူတို့ သိန်းပေါင်းများစွာ အကုန်အကျခံပြီး လှူရတဲ့ အလှူပွဲကြီးနဲ့တန်အောင် ကျကျနနဟောမယ်၊ ဝမ်းသာအားရဟောမယ်နဲ့ ဆိုပြီးတော့ သေသေ ချာချာ စိစဉ်ထားတာပါ။

http://www.dhammadownload.com



စိတ်ပါလက်ပါ၊ ထက်ထက်သန်သန် တရားနာပါစေ၊ ကျကျနန သူတို့အလှူနဲ့တန်အောင် ဟောမယ်လို့စိတ်စဉ်ပြီး နှလုံးသွင်းထားတယ်။

ဒါပေမယ့် မိသားစုတွေ တရားနာဖို့ ရှေ့ရောက်လာတော့ ဦးဖိုးထိန်ရော၊ ဒေါ်မှိန်ရော ဟန်မကျဘဲဖြစ်နေတယ်၊ တစ်ညလုံး မအိပ်ရလို့ ပင်ပန်းတာကတစ်မျိုး၊ တစ်မနက်လုံး ဧည့်ခံရလို့ ကြောင့်ကျစိတ်တွေ ပူလောင်စိတ်တွေများလို့ ပင်ပန်းတာကတစ်မျိုး နဲ့ ဖတ်ဖတ်မောပြီးနေတော့ တရားနာမယ်လို့ ဘုန်းကြီးရှေ့ လာထိုင်ပြီလဲ ဆိုရော တစ်ခါထဲ ငိုက်ကနဲ, ငိုက်ကနဲ ဖြစ်နေပြီ၊ ထိန်းလို့ကိုမရဘူး၊ ဟန်ဆောင်လို့ကို မရဘူး၊ အဲဒါကို တရားဟောမယ့်ဘုန်းကြီးက အကဲခတ်မိတယ်။

* * *

http://www.dhammadownload.com

# တရားတိုတိုဟောမှဖြစ်မယ်

"အင်း...ငါကတော့ သူတို့အလှူကြီးနဲ့ တန်အောင်ဟောမယ်ဆိုပြီးတော့ နှလုံးသွင်းထားတယ်၊ သူတို့အလှူကြီးကလဲ ကြီးကျယ်လိုက်တာ၊ သိန်းပေါင်းများစွာ အကုန်အကျခံလို့၊ လှူရန်ပစ္စည်းတွေကလဲ နည်းတာမှမဟုတ်ပဲ၊

ဘုန်းကြီးတစ်ပါး, တစ်ပါးကို သောင်းဂဏန်းအထိ အများကြီးလှူတာဆိုတော့ သူတို့အလှူနဲ့တန်အောင် ငါဟောမယ်လို့ နှလုံးသွင်းထားတယ်၊

ဒါပေမယ့် ပဓာနဖြစ်တဲ့အလှူ့ဒကာနဲ့ အလှူ့အစ်မဟာ ရောက်ကတည်းက ဒီလောက်အိပ်ငိုက်

http://www.dhammadownload.com



နေတော့ ဘယ်လိုလုပ် ငါ တရားဟောလို့ဖြစ်တော့မလဲ၊ ဒီတော့ တရားတိုတိုဟောမှပဲ ဖြစ်တော့မယ်"

ဒီလို နှလုံးသွင်းလိုက်ပြီး တရားဟောအစီအစဉ်ကို ပြောင်းလိုက်တယ်။

*  *  *

http://www.dhammadownload.com

၁

# တရားတိုတိုဟောပါစေ

ဦးဖိုးထိန်ကြီးကလဲ တရားနာဖို့ထိုင်ကတည်းက စ ဆုတောင်းနေတယ်၊ "ဘုန်းကြီး တရားတိုတိုဟောပါစေတော့၊ ဘုန်းကြီး တရားတိုတိုဟောပါစေတော့၊ ငါ့မှာဖြင့် ပင်ပန်းလှပြီ၊ မောလှပြီ၊ တရား ရှည်ရှည်ဟောရင်လဲ နာနိုင်မှာမဟုတ်ဖူး" နဲ့။

ဒီတော့ တရားဟောမယ့်ဘုန်းကြီးနဲ့ တရားနာမယ့် အလှူ့ဒကာ, အလှူ့အစ်မတို့ဟာ စိတ်အချိန်းအချက်ထားသလို ဖြစ်နေကြတယ်။

http://www.dhammadownload.com



ဘုန်းကြီးကလဲ ငါ တရားတိုတိုဟောမှ ဖြစ်မယ်၊ အလှူဒကာ,အလှူအစ်မတို့ကလဲ တရားတိုတိုသာ ဟောပါစေတော့၊ ဒီလို ချိန်းထားသလို ဖြစ်နေတယ်။

* * *

http://www.dhammadownload.com

# တရားဆိုရင် တိုမှခေတ်မီသတဲ့

အဲဒါနဲ့ တရားဟောမယ့်ဘုန်းကြီးက အကင်းပါးပါတယ်၊ တရားရှည်ရှည်ဟောလို့ ဖြစ်ကိုမဖြစ်တော့ဘူးဆိုတာ သိထားတော့ (ပရိသတ်ကို အကဲခတ်ပြီး သိထားတာဆိုတော့) တရားဦး စ,ပြီး ဟောလိုက်ပုံလေးက . . .

"လောကမှာတဲ့ဗျ၊ သကြားဆို ချိုမှကောင်းသတဲ့ဗျ၊ သမားဆို အိုမှ စိတ်ချရသတဲ့ဗျ၊ တရားဆိုရင် တိုမှခေတ်မီသတဲ့ဗျ"

သူက အဲဒီလို တရားဦး စ,လိုက်တယ်၊ အဲသလိုတရားဦးစပြီး တရားကို တိုတိုလေးပဲ ဟောလိုက်တယ်။

**"ကောင်းကောင်းနေကြ"** (ပြီးပြီ၊ သူ့တရားက)၊ ကောင်းကောင်းနေကြဆိုပြီး ခဏရပ်ထားလိုက်တယ်၊ ပြီးတော့ တရားချလိုက်တယ်။

http://www.dhammadownload.com



**"ဟူ၍ ဆုတောင်းကြကုန်"** ...၊ တရားချ လိုက်တယ်၊ တရားပွဲကပြီးပြီ။

တရားလိုရင်းဟောလိုက်တာက "ကောင်း ကောင်းနေကြ"၊ အဲသလိုဟောပြီး ခဏရပ်၊ ပြီး တော့ တရားချလိုက်တာက "ဟူ၍ ဆုတောင်းကြ ကုန်"၊ ကဲ...တရားဟောပြီးပြီလို့ ဘုန်းကြီးက အမိန့်ရှိလိုက်တော့ ဦးဖိုးထိန်တစ်ယောက် ဝမ်း သာလိုက်တဲ့ဖြစ်ခြင်း၊ အိပ်ချင်ကို ပြေသွားသလား မှတ်တယ်၊ ကပြာကရာ ထလာပြီးတော့ ဘုန်းကြီး နား တိုးတိုးတိတ်တိတ်လျှောက်တယ်။

"ဘုန်းကြီးဘုရား ကောင်းလိုက်တာဘုရား၊ ကောင်းလိုက်တာဘုရား"

"ဘာကောင်းတာလဲ ကိုဖိုးထိန်"

"တိုလို့ဘုရား, တိုလို့ဘုရား,တိုလို့ဘုရား, တိုလို့ကောင်းတာ ဘုရား"

တရားသားကောင်းတာမဟုတ်ဖူး၊ တိုလို့ ကောင်းတာတဲ့။

"တပည့်တော် တစ်ညလုံးလဲ မအိပ်ရဘူး ဘုရား၊ တစ်ညလုံး အိပ်ရေးတွေပျက်လို့၊ တစ် မနက်လုံးလဲ ဧည့်ခံနေရတာနဲ့ အလှူဘက်ကို

http://www.dhammadownload.com



စိတ်မရောက်နိုင်ဘူးဘုရား၊ ဖတ်ဖတ်ကိုမောလို့၊ အရှင်ဘုရားက တရားရှည်ရှည်ဟောရင်လဲ တပည့်တော် နားနိုင်မှာမဟုတ်ဖူးဘုရား၊ ဒါကြောင့် အရှင်ဘုရားက တရားကို အလိုက်သိသိနဲ့ တိုတို လေးဟောလိုက်တာ ကောင်းလိုက်တာဘုရား၊ အရှင်ဘုရား ခေတ်မီလိုက်တာ ဘုရား"...လို့ တရားဟောတဲ့ဘုန်းကြီးကို ချီးမွမ်းသတဲ့၊ ကျယ် ကျယ်တော့ မချီးမွမ်းဘူး၊ တိုးတိုးတိတ်တိတ် အနားလာလျှောက်တာ။

* * *

## ဖိုးထိန်ကိုဟောတဲ့တရား

အဲဒါနဲ့ သူ့(ကိုဖိုးထိန်)အတွက်ကတော့ ကိစ္စပြီးပြီ၊ ဒါပေမယ့် တရားနာပရိသတ်ထဲမှာ တရားဝါသနာပါတဲ့ မောင်ဖေဆိုတဲ့ လူတစ်ယောက် ပါလာတယ်၊ မောင်ဖေက ဘုန်းကြီး ဟောလိုက်တဲ့တရားကို သဘောမပေါက်ဖူး။

သဘောမပေါက်ဖူးဆိုတာက ကောင်းကောင်းနေကြဆိုရင်လဲ ကိစ္စပြီးတယ်၊ နောက်ပြီး

http://www.dhammadownload.com



တရားချလိုက်တာက "ဟူ၍ ဆုတောင်းကြကုန်" ဆိုတာ ရှိသေးတယ်။

ဘုန်းကြီးတရားဟောတာက (၂)ပိုင်းပါ၊ "ကောင်းကောင်းနေကြ"ဆိုတာက တရားဟောတာ၊ "ဟူ၍ ဆုတောင်းကြကုန်"ဆိုတာက တရားချတာ။

မောင်ဖေက အဲသလိုမဟုတ်ဖူး၊ စကား(၂)ခုကို စပ်ပြီးစဉ်းစားတာ၊ **"ကောင်းကောင်းနေကြဟူ၍ ဆုတောင်းကြကုန်"**၊ ဘာပြောတာ ပါလိမ့်၊ "ကောင်းကောင်းနေကြ"ဆိုလဲ ပြီးရော၊ ဘယ့်နှယ် "ဟူ၍ ဆုတောင်းကြကုန်"ကို ဘာဖြစ်လို့ထည့်ထားပါလိမ့်။

သဘောမပေါက်တာနဲ့ မောင်ဖေလဲ ဘုန်းကြီးနား လာလျှောက်ပြန်တယ်။

"ဘုန်းကြီးဘုရား၊ ခုနဟောတဲ့တရားက တိုလဲတို၊ ဆိုလိုရင်းလဲ မမိ၊ စကားက အင်မတန်မှ လှို့ဝှက်လွန်းအားကြီးတော့ တပည့်တော် သဘောမပေါက်ဖူးဘုရား၊ **"ကောင်းကောင်းနေကြဟူ၍ ဆုတောင်းကြကုန်"**ဆိုတာ ဘာပြောတာလဲ ဘုရား" ...ဆိုတော့

F-7B

http://www.dhammadownload.com



ဘုန်းကြီးက

"ဟော့...အဲဒီတရား မင်းဟောတဲ့တရား မဟုတ်ဖူး၊ ဖိုးထိန်ကို ဟောတဲ့တရား၊ အဲဒါ ဖိုးထိန်တရား၊ မင်းနဲ့ ဘာမှမဆိုင်ဘူး"...လို့ အဲသလိုပြောလိုက်သတဲ့။

ဆိုလိုတာက လောကပညာသနကြောင့် ဓမ္မပညာသန ဆုံးရှုံးသွားတယ်၊ ဒါကိုဆိုလိုတာ၊ လောကပညာသန သိပ်များသွား ပြီ၊ တဏှာ, မာန, ဒိဋ္ဌိတွေ, ချဲ့မှုတွေက သိပ်များသွားတော့ တရား နာတဲ့အခါမှာတောင် တရားမနာနိုင်ဘူး။

* * *

## ပညာဦးစီး အလှူကြီးဖြစ်ရလေအောင်

ဒါကြောင့် အလှူတစ်ခုလုပ်တဲ့အခါမှာ ပညာဦးစီးသော အလှူကြီးဖြစ်စေရမယ်၊ လောက ပညာသနတွေဦးစီးတာ အလှူကြီးလို့မခေါ်၊ ပညာ ဦးစီးမှ အလှူကြီးခေါ်တယ်၊ လောကပညာသန

http://www.dhammadownload.com



ပါလာသလောက် ဓမ္မပကာသနအင်အား လျော့သွားစမြဲပဲ၊ ရရင်လဲပဲ အရှိန်အဝါ စွမ်းအားသတ္တိ ပြည့်ပြည့်ဝဝ မရတတ်ပါဘူး။

ဒါကြောင့် ဆရာစံ ရပ်ကွက်လုံးဆိုင်ရာ မလွန်ဆန်လှူသင်းထောက်၊ ဒကာ,ဒကာမ အပေါင်း သူတော်ကောင်းတွေလုပ်ကြတဲ့ ကုသိုလ်ကောင်းမှုက လောကပကာသနမလိုချင်၊ ဓမ္မပကာသနသက်သက်နဲ့ စိတ်ပါလက်ပါ၊ ထက်ထက်သန်သန်၊ တက်တက်ကြွကြွ၊ အလှူလုပ်ဖြစ်ဖို့ အရေးကြီးသလို အလှူလုပ်တတ်ဖို့လဲ အရေးကြီးပါလားဆိုတဲ့ အသိတွေပါပြီးတော့မှ ဝမ်းသာအားရ တရားများနာယူလို့ သေသေချာချာ ကောင်းမှုကို ပြုလုပ်အားထုတ်နေကြခြင်းပါ။

သမာဓိ ဘိက္ခဝေ ဘာဝေထ

သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ

ဘိက္ခဝေ-ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့၊ တုံမှေ-တရားချစ်ခင် စိတ်ကောင်းဝင်သည့်၊ သင်ချစ်သား ချစ်သမီးတို့သည်၊ သမာဓိ - ဟိုပြေးသည်ပြေး၊ ကင်းစင်ဝေး၍၊ အပြေးရပ်ကာ၊

http://www.dhammadownload.com



ကောင်းစွာတည်ရှိ၊ သမာဓိကို၊ ဘာဝေထ–တလုံ့လလဲ၊ စိတ်မှာစွဲအောင်၊ မှိဝဲထုံထား ပွားများကြပါကုန်လော့၊

ဘိက္ခဝေ–တရားချစ်ခင် စိတ်ကောင်းဝင်သည့် အိုချစ်သားချစ်သမီးတို့၊ ဘိက္ခဝေ–ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့၊ သမာဟိတော–ဟိုပြေးသည်ပြေး၊ ကင်းစင်ဝေး၍၊ ငြိမ်အေးငြိမ်သက်၊ စွမ်းအားတက်၍နေသော၊ ဘိက္ခု–ဘေးရန်အစု၊ မြင်အောင်ရှုတတ်၊ သူတော်မြတ်သည်၊ ယထာဘူတံ–အမှန်အရှိ ပကတိအားလျော်စွာ၊ ပဇာနာတိ–ဟိုတွေးသည်တွေး၊ ကင်းစင်ဝေး၍ အတွေးမှန်ကန်၊ အသိဉာဏ်ဖြင့်၊ ဧကန်မသွေ သိမြင်ရပါလေ၏၊ ပဇာနာတိ–ပညာဦးစီး အလှူကြီးဟု အံ့ချီးထိုက်ပါ၊ ကောင်းစွာမသွေ သိမြင်ရပါပေသတည်း။

* * *

# သမာဓိအရေးကြီးတယ်

အလှူတစ်ခုလုပ်တဲ့အခါပဲဖြစ်ဖြစ်၊ ကုသိုလ်တစ်ခု (ဘယ်ကုသိုလ်ပဲ လုပ်လုပ်ပေါ့) လုပ်တဲ့

http://www.dhammadownload.com



အခါမှာဖြစ်ဖြစ်၊ သမာဓိအရေးကြီးတယ်၊ သမာဓိအားကောင်းမှ ဓမ္မပကာသနဘက်မှာ တိကနဲ့၊ ရှင်းကနဲ့၊ ပြတ်ကနဲ့၊(ဟောဒီလိုရတာ)

စိတ်တည်ငြိမ်မှုမရှိရင် လောကပကာသနဘက်က များပြီးတော့ ဥဒ္ဒစ္စတွေ သိပ်များပြီးတော့ အပူတွေနဲ့သာ နိဂုံးချုပ်သွားတတ်တယ်၊ အားရစရာ၊ အားကိုးစရာ ကောင်းမှုရယ်လို့ မည်မည်ရရဘာမှရမလာပဲ ဖြစ်နေတတ်တယ်။

ဒါကြောင့် သမာဓိကို ပွားများကြ၊ ဘုရားဂုဏ်တော်ပွားများခြင်း၊ မေတ္တာပွားများခြင်း၊ ထွက်လေဝင်လေကို စူးစိုက်ပြီး သမာဓိရအောင် ပွားများခြင်း၊ ထိုမှတစ်ပါး ဘယ်အာရုံပဲယူယူ အာရုံကိုစူးစူးစိုက်စိုက်နဲ့ စိတ်စွမ်းအားတွေ တက်ကြွလာအောင်၊ စွမ်းအားပေါ်ပေါက်လာအောင် ပွားများခြင်းတို့နဲ့ စိတ်တည်ငြိမ်အောင်လုပ်၊ တရားနာတာလဲ စိတ်တည်ငြိမ်အောင်လုပ်ခြင်းပဲ။

အလှူတစ်ခုလုပ်တဲ့အခါမှာ ရှေးဦးစွာ တရားနာကြတယ်ဆိုတာလဲ ဒီလိုရည်ရွယ်ချက်နဲ့ နာကြတာပဲ၊ စိတ်တည်ငြိမ်အောင်လုပ်ကြ၊ စိတ်တည်ငြိမ်လို့ရှိရင် ယထာဘူတံ ပဇာနာတိ အမှန်အရှိပကတိအတိုင်း မြင်ရပါတယ်။

http://www.dhammadownload.com



ဘေားရန်အရှိကိုလဲ ဘေးရန်အရှိအတိုင်း မြင်ရပါတယ်၊ တရားစွမ်းအားအရှိကိုလဲ တရားစွမ်းအားအရှိအတိုင်း အမှန်အတိုင်း မြင်ရတယ်၊ ဒါကြောင့် သမာဓိတရားဟာ အရေးကြီးတယ်၊ ခဏိကသမာဓိလေးပဲ ဖြစ်ဖြစ်ပေါ့။

ကုသိုလ်တစ်ခုလုပ်ရင် သူ့(သမာဓိ)ဟာ အရေးတကြီးလိုအပ်တယ်၊ စိတ်ငြိမ်ပြီး၊ ငြိမ်းအေးပြီးတော့နေမှ အလှူဟာလဲပဲ အရှိန်အဝါတက်သွားတယ်၊ သီလဆိုတာလဲပဲ ထို့အတူပေါ့၊ အင်အားတွေတက်သွားတယ်၊ ဘာဝနာပွားများတယ်ဆိုတာတော့ မပြောနဲ့တော့၊ သမာဓိ သိပ်လိုအပ်တာပဲပေါ့။

* * *

## သမာဓိဆိုတာ သာသနာရဲ့ကျင့်စဉ်ဗဟိုချက်မ

သမာဓိဆိုတာ သာသနာရဲ့ကျင့်စဉ်ဗဟိုချက်မလို့ ခေါ်တယ်၊ သီလရယ်၊ သမာဓိရယ်၊ ပညာရယ်လို့ (၃)မျိုးရှိရာမှာ သမာဓိက အလယ်က နေတယ်။

http://www.dhammadownload.com



သမာဓိဆိုတာ စိတ်ကိုထားချင်တဲ့နေရာမှာ ထားလို့ရအောင် ထားချင်သလို ထားလို့ရအောင်၊ ထားချင်သလောက် ထားလို့ရအောင်၊ လေ့ကျင့်ပေးတဲ့ စိတ်စွမ်းအားပေါ့။

စိတ်ရဲ့အပူအခိုးအငွေ့၊ ကိလေသာဓာတ်ငွေ့တွေ ရှင်းပြီးသွားအောင် ဆေးကြောရတာဖြစ်သောကြောင့် သမထလို့လဲခေါ်တယ်၊ စိတ်ကို ချေးချွတ်ဆေးကြောတဲ့အလုပ်ပါ။

စိတ်သောင်းကျန်းမှုကို ထိန်းချုပ်ထားနိုင်သော လမ်းစဉ်လုပ်ငန်းလဲဖြစ်တယ်၊ စိတ်သောင်းကျန်းမှုကို ထိန်းချုပ်ထားနိုင်ရင် ကိုယ်နှုတ် သောင်းကျန်းမှုကိုလဲ အလိုလိုထိန်းပြီးသားဖြစ်တဲ့အတွက် သီလဟာ အလိုလိုလုံသွားတယ်။

စိတ်တည်ငြိမ်ရင် ဉာဏ်မျက်စိဖွင့်ရတာ အလွန်လွယ်တဲ့အတွက် အမှန်အတိုင်းသိဖို့ လွယ်ကူသွားတာဖြစ်တဲ့အတွက် ပညာ, သိက္ခာ အတွက်ပါ တစ်ခါတည်း လမ်းပွင့်သွားတယ်။

ဒါကြောင့် သမာဓိတစ်ခု၊ ဗဟိုချက်မကကိုင်လိုက်တာနဲ့ သီလရော၊ အထက်ပညာရော ပိုင်သွားတယ်၊ အဲသလိုနဲ့ သိက္ခာ(၃)ပါး လမ်း

http://www.dhammadownload.com



ကြောင်းအတိုင်းသွားမှ ဒါနဆိုတာဟာလဲပဲ အရှိန် အဝါတက်ပြီးတော့ ပညာဦးစီး အလှူကြီးဆိုတာ ဖြစ်သွားတယ်။

သမာဓိဆိုတာ စိတ်ကို ချွေးချတ်ဆေးကြော တာပါပဲ၊ မိမိတို့ နေ့စဉ်နေ့စဉ်သုံးစွဲနေတဲ့ အဝတ် တို့၊ ပန်းကန်ခွက်ယောက်တို့ စသည်ကိုကြည့်ပေါ့၊ သုံးပြီးတိုင်း သုံးပြီးတိုင်း လျှော်ရ ဖွတ်ရ၊ ဆေးရ ကြောရတာပဲ။

ဆေးကြောပြန်တော့လဲ ရေလောင်းရုံနဲ့မရ တော့ ဆပ်ပြာပါ တိုက်ပေးရတယ်၊ ဆပ်ပြာ တိုက်ပြန်တော့လဲ တစ်ခါတစ်ရံကျတော့ အညစ် အကြေးတွေက အင်မတန်ထူလွန်းလို့ ဆပ်ပြာ အနုနဲ့တိုက်လို့ မရဘူး၊ သဲဆပ်ပြာတို့လို၊ ဖွဲပြာ တို့လို ဆပ်ပြာကြမ်းတို့ကိုပါ တိုက်လို့ သုံးရတာ ရှိတယ်။

အညစ်အကြေးအင်အားကြီးမားရင် ကြီးမား သလောက် ဆပ်ပြာကြမ်းတွေ သုံးရတာမျိုးရှိတယ်၊ ရေများများသုံးရတာမျိုးတွေ ရှိတယ်၊ အဲဒါမျိုး

http://www.dhammadownload.com



လိုပေါ့၊ မိမိတို့စိတ်ဆိုတာလဲပဲ နေ့တိုင်းသုံးနေရတာဆိုတော့ ဆေးကြောနေရတာပဲ။

* * *

http://www.dhammadownload.com

# စိတ်ကို
# ဆေးကြောလျှော်ဖွပ်ပေးရတယ်

ဘုရားရှိခိုးရတာတွေ၊ မေတ္တာပို့တာတွေ၊ တရားမှတ်တာတွေ၊ အာရုံတိုင်း,အာရုံတိုင်းကို စူးစိုက်ပြီးတော့မှ အဲသလို လေ့ကျင့်ရတာတွေ ဟာ ဘာလုပ်တာလဲဆိုတော့ စိတ်ကို ချေးချွတ် ဆေးကြော လျှော်ဖွပ်ပေးနေတာ၊ ဘာလို့ လျှော်ဖွပ် ပေးနေရသလဲ၊ နေ့တိုင်းသုံးနေတာကိုး။

အိမ်မှုကိစ္စဆိုလဲ ဒီစိတ်ပဲသုံးရ၊ စီးပွားရေး ကိစ္စ ပေါ်လာပြန်တော့ ဒီစိတ်ကိုပဲသုံးရ၊ ရပ်ကိစ္စ၊ ရွာကိစ္စ၊ နိုင်ငံကိစ္စ ပေါ်လာပြန်တော့ ဒီစိတ်ကိုပဲ

http://www.dhammadownload.com



သုံးရ၊ ကုသိုလ်ရေးကိစ္စ ပေါ်လာပြန်တော့ ဒီစိတ်ကိုပဲ သုံးရ၊ ဒီစိတ်ကိုချည်းပဲသုံးနေရတယ်၊ အိပ်တဲ့ မျက်စိချန်ထား၊ ဒီစိတ်ကိုချည်းပဲ သုံးနေရတယ်။

သုံးဖန်များတော့ စိတ်က ချေးတွေကပ်လာတာပဲ၊ လောဘ, ဒေါသ,မောဟ စတဲ့ ကိလေသာချေးတွေကပ်လာတော့ အဲဒီချေးတွေကို သမာဓိလုပ်ငန်းစဉ်ဖြင့် ချေးချွတ်ဆေးကြောပြီးတော့မှ လျှော်ဖွပ်ပေးနေရတာ။

အဲဒါမှ အမှန်အတိုင်းသိလို့ စိတ်စင်ကြယ်ပြီးတော့ အမှန်အတိုင်းသိမယ့်ပညာတွေ ပွားပြီးတော့လာမယ်။

အန္တရာယ်ကိုလဲ ကြိုတင်တွက်ဆတတ်တယ်၊ ရှောင်တတ်တယ်၊ လုပ်ပိုင်ခွင့်ကိုလဲ အပြည့်အဝသုံးတတ်တယ်၊ ရလဒ်ကိုလဲ တိကျနဲ့၊ ရှင်းကနဲ နေအောင် ရယူတတ်တယ်၊ ဒါကြောင့် သမာဓိရှိဖို့ လိုတယ်။

* * *

http://www.dhammadownload.com

# လမ်းဘေးကအမှိုက်ပုံးလို

ဒါနလုပ်တဲ့အခါ ရှေးဦးစွာ စိတ်ကိုတည်ငြိမ်အောင် လေ့ကျင့်ပေးရပါတယ်၊ စိတ်စွမ်းအားတွေ ထည့်နိုင်ဖို့ဆိုတာလဲ စိတ်တည်ငြိမ်မှ ထည့်လို့ရတာ။

သမာဓိစွမ်းအားတွေ ထည့်မပေးဘူးဆိုလို့ရှိရင် မိမိတို့စိတ်အစဉ် ခန္ဓာအစဉ်ကြီးဟာ ဘယ်လိုဖြစ်နေသလဲဆိုတော့ လမ်းဘေးကအမှိုက်ပုံးကြီးလို ဖြစ်နေတယ်။

လမ်းဘေးကအမှိုက်ပုံး ကြည့်ပေါ့၊ ထားတာကလဲ လမ်းဘေး၊ ရည်ရွက်ချက်ကလဲ အမှိုက်ထည့်ဖို့ဆိုတော့ တွေ့တဲ့လူတွေက တွေ့တဲ့အမှိုက်ထည့်တာပဲ၊ စက္ကူစုတ်တွေထည့်သွားလိုက်၊ ကွမ်းသွေးတွေထွေးသွားလိုက်၊ တံတွေးတွေထွေးသွားလိုက်၊ ကောင်းတာဆို တစ်ခုမှမထည့်၊ သုံးလို့မဖြစ်တဲ့ မကောင်းတာအကုန်ထည့်တာပဲ။

http://www.dhammadownload.com



လမ်းဘေးမှာထားတဲ့ အမှိုက်ပုံးဖြစ်နေတော့ တွေ့တဲ့လူက တွေ့တဲ့အမှိုက်ထည့်၊ အဲဒါမျိုးလို ပါပဲ၊ မိမိတို့ရဲ့ စိတ်နှလုံးအစဉ်၊ ခန္ဓာအစဉ်ကြီးဟာ လဲပဲ စိတ်အစဉ်ထဲမှာ သမာဓိစတဲ့ အင်အားတွေ ထည့်လို့မပေးဘူးဆိုရင်၊ ရတနာသုံးပါးအင်အား တွေ ထည့်လို့မပေးဘူးဆိုရင် တရားစွမ်းအားဆိုတဲ့ အင်အားတွေ ထည့်သွင်းမပေးဘူးဆိုလို့ရှိရင် ဒီခန္ဓာ အစဉ်၊ စိတ်နှလုံးအစဉ်ထဲမှာလဲပဲ အမှိုက်တွေထည့် တာ ခံရတယ်။

လောဘအမှိုက်တွေထည့်သွားလိုက်၊ ဒေါသ အမှိုက်တွေ ထည့်သွားလိုက်၊ မောဟအမှိုက်တွေ ထည့်သွားလိုက်၊ ဣဿာမစ္ဆရိယ၊ မာန စတဲ့ အမှိုက်တွေထည့်သွားလိုက်နဲ့ စိတ်အစဉ်ဟာ တကယ့်အမှိုက် တွေ ပြည့်ကြပ်ပြီးတော့နေတယ်။

အမှိုက်တွေ ပြွတ်သိပ်ပြည့်ကြပ်နေတော့ ဘာတွေပဲရှိရှိ ချမ်းလဲမချမ်းသာ၊ ငြိမ်းလဲမငြိမ်းအေး၊ ဘယ်ငြိမ်းအေးချမ်းသာမလဲ၊ အမှိုက်တွေ ပြည့်နေ တာကိုး။

* * *

http://www.dhammadownload.com

# ရတနာခန္ဓာဖြစ်အောင်

ဒါကြောင့် မိမိတို့ရလာတဲ့ အင်မတန် အဖိုးတန်လှတဲ့ ဘဝကောင်းကို အမှိုက်ပုံးတော့ အဖြစ်မခံနိုင်ဘူး၊ ရတနာခန္ဓာပဲ ဖြစ်အောင်လုပ်မယ်။

ရတနာတွေ လိုသလိုထည့်ဖို့ကလဲ စိတ်စင်ကြယ်ဖို့အရေးကြီးတယ်၊ သမာဓိဟာ စိတ္တဝိသုဒ္ဓိပါပဲ၊ စိတ်စင်ကြယ်မှ တရားစွမ်းအားဟာ လိုသလိုရှင်းကနဲ'တိကနဲနေအောင် ထည့်တတ်ပါတယ်၊ စိတ်မတည်ငြိမ်ရင် ဦးဖိုးထိန်တို့အရှုမျိုးလို ဖြစ်လိမ့်မယ်။

လောကပကာသနများပြီးတော့ ဖတ်ဖတ်မောတဲ့ ပစ္စည်းသာကုန်ပြီးတော့ အရာမရောက်တဲ့

http://www.dhammadownload.com



အလှူမျိုး ဖြစ်သွားမှာပေါ့၊ ဒါကြောင့်မို့ စိတ်တည်ငြိမ်ဖို့အရေးကြီးတယ်လို့ ဘုရားက သမာဓိသုတ္တန်မှာ ညွှန်ပြထားခြင်းပါ။

စိတ်တည်ငြိမ်အောင်လုပ်ရတယ်၊ ဘာဖြစ်လို့ စိတ်တည်ငြိမ်အောင်လုပ်ရတာလဲ၊ ပညာတွေပေါ်လာအောင်၊ ပညာဦးစီးမှ ကုသိုလ်ကြီးဖြစ်မယ်၊ ပညာဦးစီးမှ အလှူကြီးဖြစ်မယ်၊ အဲဒါကြောင့် ပညာဦးစီးနိုင်ဖို့ သမာဓိရအောင်လုပ်ပါ၊ စိတ်တည်ငြိမ်အောင် လေ့ကျင့်ပါ။

* * *

http://www.dhammadownload.com

# မှန်သားကောင်းမယ်ဆိုရင်

လောကမှာရှိတဲ့ မှန်တွေ၊ မှန်သားကလဲ မကောင်း၊ ဖုံတွေ အညစ်အကြေးတွေကလဲ ပေကျံနေမယ်ဆိုရင် အဲဒီမှန်ထဲမှာ လူရဲ့အရိပ်ကို ကြည့်စမ်းကြည့်ပါ၊ ပြတ်ပြတ်သားသား အရိပ် ထင်မလာပါဘူး။

အဲဒါမျိုးလိုပဲ၊ စိတ်အစဉ်ကလဲ ပစ္စလက်ခတ် လွှတ်ထားမယ်ဆိုရင် စိတ်အပူအခိုးအငွေ့ ကိလေသာ ဓာတ်ငွေ့တွေ လွှမ်းပြီးတော့နေမယ်ဆိုရင် အပူအခိုးအငွေ့တွေ ညစ်ထေးပေကျံနေမယ်ဆိုရင် ရှိတာတွေ ဘာမှမမြင်ရ။

ကံအရှိကိုလဲ ဘာမှမမြင်ရ၊ ခန္ဓာအရှိကိုလဲ ဘာမှမမြင်ရ၊ ရုပ်နာမ်သဘောတွေကိုလဲ ဘာမှ မမြင်ရ၊ ရှိလျက်သားနဲ့ မြင်ကိုမမြင်ရတာ။

http://www.dhammadownload.com



လောကမှာ မှန်သားကလဲ ကောင်းမယ် ဆိုရင်၊ မြူတွေ အညစ်အကြေးတွေကင်းစင်ပြီး သန့်ရှင်းမယ်ဆိုရင် မျက်နှာအရိပ်ကို ကြည့်လိုက်တဲ့ အခါမှာ မျက်နှာဟာ ပြတ်ပြတ်သားသား အရိပ် ထင်လာတယ်။

အဲဒါမျိုးလိုပေါ့၊ စိတ်အစဉ်မှာစိတ်ရဲ့ အပူ အခိုးအငွေ့၊ ကိလေသာဓာတ်ငွေ့တွေကင်းပြီးတော့ စင်ကြယ်သန့်ရှင်းနေတဲ့အခါမှာ ကံအရှိ၊ ရှင်းကနဲ ကြည့်လို့ရတယ်၊ ဒါနဒီလိုလုပ်မှ အကျိုးဒီလိုပေါ် တယ်၊ ဒီလိုအကျိုးပေါ်စေချင်ရင် ဒီလိုလုပ်မှဖြစ် မယ်။

ဒါမျိုးတွေပေါ့၊ ခန္ဓာအရှိ အမှန်အတိုင်းမြင် အောင် ကြည့်လို့ရတယ်၊ ရုပ်နာမ်အရှိ အမှန် အတိုင်းမြင်အောင် ကြည့်လို့ရတယ်၊ ဒါ ကြောင့် စိတ်စင်ကြယ်မှုဆိုတာ ပညာတိုးကြောင်း၊ ပညာ ပေါ်ပေါက်ကြောင်းပါ။

- **မှန်သားမစင်၊ မကြည်လင်၊ မထင်အရိပ်မှာ၊**

မှန်သားကလဲမကောင်း၊ မစင်ကြယ်ရင် အရိပ်မထင်သလိုပဲတဲ့။

http://www.dhammadownload.com



* **စိတ်မကြည်လင်၊ မသန့်စင်၊**
  **အမြင်မရှင်းပါ၊**

စိတ်မကြည်လင်ရင်၊ မသန့်စင်ရင် အမြင်မရှင်းဘူး၊ ခုန ဦးဖိုးထိန်တို့အလှူလို ဖြစ်မှာပဲ၊ စိတ်မစင်ကြယ်တော့ ကုသိုလ်ကို ကုသိုလ်နဲ့တူအောင်မှ မလုပ်တတ်၊ ကုသိုလ်နဲ့တူအောင် ရလဲမရ၊ ပစ္စည်းတွေကုန်တာပဲရှိတယ်၊ ကုန်သလောက် အင်အားတွေမရဘူး။

* **မှန်သားကြည်လင်၊ အရိပ်ထင်၊**
  **အမြင်ပြတ်သားပါ၊**

မှန်သားကလဲကောင်း၊ အညစ်အကြေးမြူတွေကလဲ ကင်းစင်ပြီး သန့်ရှင်းစင်ကြယ်မယ်ဆိုရင် အရိပ်ပြတ်ပြတ်သားသား ထင်သလိုပဲ။

* **စိတ်တည်ငြိမ်ဘိ၊ အမှန်သိ၊**
  **အရှိအတိုင်းသာ၊**

စိတ်တည်ငြိမ်တဲ့အခါ အမှန်အတိုင်းသိလို့ ရသင့်ရထိုက်တဲ့ ကောင်းမှုစွမ်းအားတွေကို တိကနဲ၊ ရှင်းကနဲ၊ ပြတ်ကနဲနေအောင် အဲသလိုယူတတ်တယ်။

http://www.dhammadownload.com



ဒါကြောင့် အဲသလို နားလည်ပြီးတော့မှ တရားပွဲတွေကျင်းပပြီး လုပ်ရတယ်၊ စိတ်တည်ငြိမ်အောင်၊ ဝမ်းမြောက်အောင်၊ ရွှင်လန်းအောင်၊ အားတက်အောင် စသည်ဖြင့် အဲသလိုလုပ်နေကြတာပါ။

- **မှန်သားမစင်၊ မကြည်လင်၊ မထင်အရိပ်မှာ၊**
- **စိတ်မကြည်လင်၊ မသန့်စင်၊ အမြင်မရှင်းပါ၊**
- **မှန်သားကြည်လင်၊ အရိပ်ထင်၊ အမြင်ပြတ်သားပါ၊**
- **စိတ်တည်ငြိမ်ဘိ၊ အမှန်သိ၊ အရှိအတိုင်းသာ၊**

ဒါကြောင့် ပညာပေါ်အောင်လို့ သမာဓိရအောင်လုပ်ပါ၊ ယခုလို အလှူကြီးတစ်ခုလုပ်တဲ့အခါမှာလဲပဲ ပညာဦးစီးနိုင်အောင်လို့ စိတ်တည်ငြိမ်အေးချမ်းအောင် လေ့ကျင့်ပါ၊ အဲသလို မြတ်စွာဘုရားက ညွှန်ပြတာပါ။

ပညာစာဂဿဉပနိဿယ ပဉ္စယေနပဉ္စယော

ပညာ–ဟိုတွေးသည်တွေး ကင်းစင်ဝေး၍၊ အတွေးမှန်ကန်၊ အသိဉာဏ်ဆိုတဲ့၊ ပညာတရား

http://www.dhammadownload.com



သည်၊ စာဂဿ–လှူဒါန်းပေးကမ်း စွန့်ကြဲခြင်း ဆိုသော ဒါနတရားအား၊ ဥပနိဿယပစ္စယေန– ပကတူပနိဿယပစ္စယသတ္တိထူးဖြင့်၊ ပစ္စယောဥပကာ ရကော–ဖြစ်ပေါ်တည်တံ့အောင် ထောက်ပံ့သော အားဖြင့် ကျေးဇူးပြုတတ်သည်၊ ဟောတိ–ကောင်း စွာမသွေ ဖြစ်ပါပေသတည်း။

ပညာက ဒါနအား ကျေးဇူးပြုပုံကို မြတ်စွာ ဘုရားက ပဋ္ဌာန်းပါဠိတော်မှာ ဟောထားတဲ့ ဒေသနာစကားလေးတစ်ရပ်ပါ။

* * *

# ပညာသည် ဒါနအား ကျေးဇူးပြုတယ်

ပညာသည် ဒါနအား ကျေးဇူးပြုတယ်၊ ဒါနကြီးကျယ်သွားအောင်လို့ ပညာက ကျေးဇူးပြု ပါတယ်။

ယခု ဒကာ,ဒကာမတွေလုပ်တဲ့ ဒါနက ကုသိုလ်ရရုံလေးသက်သက်လုပ်တဲ့ ဒါနမှမဟုတ်ပဲ၊

http://www.dhammadownload.com



သာသနာအတွက် အများကြီး ကျေးဇူးပြုသွား အောင်လုပ်တဲ့ သာသနာပြုဒါနကြီးသာဖြစ်တယ်။

သာသနာပြုဒါနကြီးဖြစ်အောင်လုပ်တယ်ဆိုတော့ ပညာဦးစီးမှုကလဲပဲ အဆင့်မြင့်တဲ့ပညာပဲ ဖြစ်ရမယ်ပေါ့။

ပညာပါတယ်၊ ရည်မှန်းချက်ကောင်းတယ်၊ လမ်းကြောင်းရှင်းတယ်၊ လုပ်ငန်းမှာ လောကပကာသန မဖက်၊ ဓမ္မပကာသနသက်သက်နဲ့ သပ်သပ်ရပ်ရပ်လေးလုပ်တယ်၊ အဲသလိုလုပ်တဲ့အတွက်ကြောင့် ဒါနဟာ အလွန်တရာ အရှိန်အဝါကြီးကျယ်လှတဲ့ဒါနဖြစ်တယ်၊ ဒါနဆိုသော်လဲပဲ သီလ, သမာဓိ, ပညာ, လမ်းကြောင်းပါနေတော့အားလုံး ဒါန, သီလ, ဘာဝနာ အစုံရသွားတာပါပဲ။

* * *

http://www.dhammadownload.com

# ဒါနဆိုသည်မှာ

ဒီလိုဆိုတော့ ပညာသည် ဒါနအား ကျေးဇူး ပြုတယ်ဆိုရင် ဒါနဆိုတာက ဘယ်လိုလဲ?

* **မိမိဥစ္စာ၊ သူ့ဟာဖြစ်လို၊ မေတ္တာပို၍၊ ကြည်ညိုလေးစား၊ ပေးစွန့်ငြား၊ ထူးခြားမြတ်ဒါန၊**

ဒါနဆိုတာ ကိုယ်ပစ္စည်းကို သူများပစ္စည်း ဖြစ်သွားစေချင်တယ်တဲ့၊ ကိလေသာမကင်းသေးတဲ့ ပုထုဇဉ်တွေရဲ့ သဘာဝက အများအားဖြင့် ဖြစ်ကတ်တာက သူများပစ္စည်းကို ကိုယ့်ဟာသာ ဖြစ်စေချင်တာ၊ ကိုယ့်ပစ္စည်းကိုတော့ သူ့ဟာ မဖြစ်စေချင်။

http://www.dhammadownload.com



ဒါနစွမ်းအားအပေါ်မှာ သိမြင်ယုံကြည်ကြတဲ့ ပုဂ္ဂိုလ်များကတော့ (မေတ္တာအားကောင်းကြတဲ့ ပုဂ္ဂိုလ်များကတော့) ကိုယ့်ပစ္စည်း သူများဟာ ဖြစ်သွားစေချင်တယ်၊ ကိုယ်ခက်ခက်ခဲခဲ ရှာထားရတာလေးကို သူများ သုံးသွားစေချင်တယ်၊ မိမိစင်စင်ကြယ်ကြယ် မှန်မှန်မြတ်မြတ်နဲ့ ရှာဖွေထားတဲ့ပစ္စည်းကို သူများသုံးသွားစေချင်တယ်၊ ဘာကြောင့်လဲ၊(မေတ္တာပို၍) မေတ္တာတရားအားကြီးလို့ပဲ။

* **မိမိဥစ္စာ၊ သူ့ဟာဖြစ်လို၊ မေတ္တာပို၍၊ ကြည်ညိုလေးစား၊ ပေးစွန့်ငြား၊ ထူးခြားမြတ်ဒါန၊**

အလှူခံတွေရဲ့ သီလ,' သမာဓိ, ပညာအင်အားတွေကိုလဲ အင်မတန်မှ ကြည်ညိုတယ်၊ ယုံကြည်တယ်၊ လေးစားတယ်၊ ကောင်းမှုတည်းဟူသော မျိုးစေ့ကြဲချရာ လယ်ယာမြေကောင်း သဖွယ်၊ အဲသလို အင်အားကြီးတဲ့သဘောကိုလဲ အလွန့်အလွန် ယုံကြည်တယ်၊ ဒါကြောင့် စွန့်ရဲတာပေါ့။

* * *

http://www.dhammadownload.com

# မျိုးစေ့တိုင်း
# အပင်ပေါက်ကြလိမ့်မယ်

စိုက်ပျိုးရေးသမားတွေကြည့်ပေါ့၊ စိုက်ပျိုးရေးသမားဟာ (ဆိုကြပါစို့) စပါးတစ်တင်းကို ကိုင်ပြီး စားလိုက်ရကောင်းမလား၊ ရောင်းလိုက်ရကောင်းမလား၊ စိုက်ပျိုးလိုက်ရကောင်းမလား။

စားလိုက်လဲ ခဏနဲ့ကုန်သွားမှာ၊ ရောင်းလိုက်လဲ ခဏနဲ့ကုန် မှာ၊ စိုက်ပျိုးလိုက်မယ်ဆိုရင် မျိုးစေ့တိုင်း မျိုးစေ့တိုင်း အပင်ပေါက် ကြလိမ့်မယ်၊ အပင်တိုင်း,အပင်တိုင်း အတိုးနဲ့ ပြန်သီးကြလိမ့်မယ်လို့ နားလည်လာတော့ 'ငါစိုက်ပျိုးမယ်' အဲသလိုဖြစ်လာတယ်။

http://www.dhammadownload.com



စိုက်ပျိုးတော့လဲပဲ ရေထဲမြေထဲကို မျိုးစေ့တွေ သွန်ချလိုက်ရတာပဲ၊ တစ်စုံတစ်ယောက်က "ခင်ဗျား ဒီမျိုးစေ့တွေ ရေထဲမြေထဲကို ဘာ ဖြစ်လို့ သွန်ပစ်လိုက်ရသလဲလို့မေးရင်

"မျိုးစေ့တိုင်း အပင်ပေါက်ကြမှာ၊ အပင်တိုင်း အတိုးနဲ့ပြန်သီးမှာ(အတိုးနဲ့ပြန်ရမှာ)၊ တစ်တင်းစိုက်ပေမယ့် တင်းပေါင်းများစွာ ပြန်ရမှာ"လို့ သူက ပြုံးပြုံးကြီးပြန်ပြောမှာ၊ ယုံကြည်ချက်ရှိတာကိုး။

သူက မျိုးစေ့တွေကိုယုံတယ်၊ လယ်ကောင်းယာကောင်း မြေကောင်းကိုယုံတယ်၊ အပင်ပေါက်နိုင်စွမ်းရှိတဲ့ မြေဩဇာတွေ၊ ရေတွေ မြေတွေ စသည်ကိုယုံတယ်၊ မျိုးစေ့ကလဲအောင်တော့ ယုံတယ်၊ ဒါကြောင့် ရဲရဲပြောရဲတာပေါ့၊ ၁-တင်းစိုက်ပေမယ့် တင်းပေါင်းများစွာ ပြန်ရမှာလို့ ယုံတယ်။

* * *

http://www.dhammadownload.com

# အလှူတစ်ခုလုပ်တယ်ဆိုတာ

* **ပေးလှူစရာ၊ ကိုယ့်ဥစ္စာဝယ်၊**
**တွယ်တာငြိကပ်၊ ကင်းအောင်ဖြတ်လျက်၊**
**ရှင်းအောင်ဖျက်၊ မြင့်တက်မြတ်ဒါန၊**

အလှူတစ်ခုလုပ်တယ်ဆိုတာ တကယ်တော့ မလွယ်ပါဘူး၊ အဇ္ဈတ္တသန္တာန်မှာ လောဘနဲ့ မစ္ဆေရဆိုတဲ့တရားကို ဖယ်ရှားပေးနိုင်မှ ဒါနတစ်ခု ရယ်လို့ အောင်အောင်မြင်မြင်နဲ့ပေါ်ပေါက်လာတာ၊ လောဘကို နိုင်သလောက်သာ ဒါနဖြစ်တယ်၊ လောဘ လွှမ်းမိုးလာမယ်ဆိုရင် မစ္ဆေရလွှမ်းပြီး တော့လာတဲ့အခါ ဒါနအရှုံးပေးရစမြဲပဲ။

မစ္ဆေရတရားကို အနိုင်ယူနိုင်သလောက်သာ ဒါနရယ်လို့ အောင်မြင်တယ်၊ မစ္ဆေရလွှမ်းပြီးတော့ လာတဲ့အခါ ဒါန အရှုံးပေးရတယ်။

http://www.dhammadownload.com



ယခု ဒကာ, ဒကာမတွေ ပျော်ပျော်ရွှင်ရွှင် ဒါနလုပ်ရဲတယ်ဆိုကတည်းက ဪ...သူတို့ လောဘနဲ့ မစ္ဆေရကို နိုင်အောင်တွန်းလှန်ဖြိုခွင်းပြီးတော့ ရှင်းနိုင်ကြသားပဲဆိုတာ လုပ်ငန်းကိုမြင်တာနဲ့ တရားသဘောက အဲသလို အဖြေထွက်လာတာပဲ။

* **တွယ်တာမှုကင်း၊ အမြင်ရှင်း၊ ချက်ချင်းစိတ်ကြည်ရ၊**

ဒါနသဘော ဖော်ပြရာမှာ တွယ်တာမှုကင်းတဲ့ စိုက်ပျိုးရေးသမားကို ကြည့်ပေါ့၊ စပါးတစ်တင်းကို ကိုင်ပြီးတော့မှ ရေထဲ မြေထဲကို စွန့်လိုက်တော့ တွယ်တာမှုမရှိဘူး၊ စားမယ်၊ ရောင်းမယ်ဆိုတဲ့ တွယ်တာမှုမပါပဲနဲ့ ရဲရဲကြီးစွန့်လိုက်တာ။

ရဲရဲစွန့်ရဲတာပေါ့၊ အတိုးနဲ့ပြန်လာမှာ မြင်ထားလို့ပေါ့၊ အဲဒီအတိုင်းပဲ၊ လောဘကိုပယ်သတ်နိုင်လို့ လောဘဆိုတဲ့ တွယ်တာမှုကို ဖယ်ရှားနိုင်လို့ ဒါနတစ်ခု အောင်မြင်လာတယ်ဆိုတော့

* **တွယ်တာမှုကင်း၊ အမြင်ရှင်း၊ ချက်ခြင်းစိတ်ကြည်ရ၊**

http://www.dhammadownload.com



တွယ်တာမှုကင်းသွားတာနဲ့ သဒ္ဓါတို့၊မေတ္တာတို့၊ ပညာတို့ စတဲ့ တရားတွေက နေရာမှန် ရောက်ပြီးတော့မှ စိတ်တွေကြည်ပြီး အမြင်ကို ရှင်းလာတယ်၊ ငါ့အများကြီးပြန်ရမှာလို့လဲ အမြင် ရှင်းလာတယ်။

ဩော်...ငါ့စိတ်ကောင်းတစ်ခုထားလိုက်တော့ တစ်ဖက်သား ချမ်းသာသွားလိုက်တာ အများကြီးပါလား၊ အဖိုးတန်လိုက်တာလို့ ဝမ်းသာကြည်နူးစရာပေါ်လာတယ်၊ ဒါကကို အရသာ တစ်ခုပဲ။

* * *

# ပညာဦးစီးမှုအားကောင်းရင်

* **ဘဝတန်ခိုး၊ ဥစ္စာတိုး၊ ကောင်းကျိုးအနန္တ၊**

အကျိုးကိုကြည့်လိုက်ပြန်တော့လဲ ပညာဦးစီးမှု အားကောင်းရင် ကောင်းသလောက် အလွန့်အလွန်မှ အစွမ်းထက်တယ်။

ဒါနလုပ်ပေမယ့် ဒါနတစ်ခုထဲလုပ်တာ မဟုတ်ပဲ သမာဓိပါတယ်ဆိုတော့ သမာဓိ သီလ

http://www.dhammadownload.com



ကိုပါ ဖော်ထုတ်နိုင်တယ်၊ ပညာကိုပါ ဖော်ထုတ်နိုင်တယ်၊ အဲဒါကြောင့် သီလ, သမာဓိ, ပညာ, သိက္ခာ(၃)ပါးပါတယ်။

သိက္ခာ(၃)ပါးပါနေတဲ့အတွက်ကြောင့် ဘဝကောင်းရဖို့လဲ သူက အကုန်လုံး အာမခံ တာဝန်ယူတယ်၊ ဘဝသံသရာတစ်လျှောက် နိဗ္ဗာန်ကို ဦးတည်လို့သွားတဲ့ အခါကာလမှာလဲ စားဝတ်နေရေးစိတ်သာချ၊ ဘယ်တော့မှ နောက်ဆံမတင်းရဘူး၊ သူအကုန်လုံးတာဝန်ယူတယ်၊ (စိုက်ပျိုးရေးက အင်မတန်သေချာနေလို့)

စိုက်ပျိုးရေးလုပ်ငန်း အင်မတန်အကွက်စေ့နေတာဖြစ်တဲ့အတွက် စီးပွားဥစ္စာအတွက်လဲ သူဘာမှပူစရာမလို၊ နိဗ္ဗာန်ကူးတာတောင် ဒါနပါသူနဲ့ မပါသူ ကွာတာပဲ။

* * *

http://www.dhammadownload.com

# ဒါနပါသူနှင့် မပါသူ

ဒါနအင်အားနည်းသူများ နိဗ္ဗာန်ကူးရတာ တောင်မှ မဂ်ဖိုလ်ရတာတောင် ချို့ချို့တဲ့တဲ့၊ ပင်ပင်ပမ်းပမ်း၊ ကျင့်ရကြံရ အားထုတ်ရတဲ့ အပိုင်းမှာ ဟိုဟာမလုံလောက် ဒီဟာမလုံလောက်၊ အဲဒါမျိုးတွေနဲ့ နိဗ္ဗာန်ကူးရသူတွေ အများကြီးရှိတယ်။

ဒါနပါသူကျပြန်တော့လဲ ဘာမှမပူရ၊ ဘယ်နေရာသွားသွား သူ့အတွက် အဆင်သင့်ချည်းပဲ၊ ဘာပဲလုပ်လုပ် အဆင်ပြေတာချည်းပဲ၊ ဒါနပါသူနဲ့ မပါသူ နိဗ္ဗာန်ကူးရင်တောင် ကွာချင်တိုင်းကွာတယ်။

http://www.dhammadownload.com



ဒါကြောင့် ဒါနဆိုတာဟာ အရေးကြီးတယ်၊ ပညာလဲ ကျေးဇူးပြုတာပဲ၊ သီလကိုလဲ ကျေးဇူးပြုတာပါပဲ၊ မလောက်လို့ ခိုးရတယ်ဆိုတာမျိုးတွေ၊ မလောက်လို့ သတ်ရတယ်ဆိုတာမျိုးတွေပေါ့၊ ဒါနက ဘာလုပ်လုပ် လောက်နေတာပဲ၊ ဘာခိုးဖို့လိုတော့လဲ၊ ဘာသတ်ဖို့လိုတော့လဲ၊ ကိုယ့်မှာ အကုန်ပြည့်စုံရင် ဘာလုပ်ဖို့ လိမ်စရာလိုတော့လဲ။

ဒါနတစ်ခုပိုင်နေတယ်ဆိုတော့လဲ စီးပွားရေးက အားလုံးအဆင်ပြေနေတယ်ဆိုရင် ဘာမှမကောင်းတာတွေလုပ်စရာ အကြောင်းလဲ မရှိတော့ သူ့ရဲ့ သွားရမယ့်ခရီးဟာလဲ ဖြောင့်တန်းပြီး အဲသလိုသွားတယ်။

* * *

http://www.dhammadownload.com

# သက်ဝင်ယုံကြည်တဲ့သဒ္ဓါနဲ့

လျှစရာလဲရှိလို့၊ စွမ်းအားအပေါ်မှာ အလွန် သက်ဝင်ယုံကြည်တဲ့ အမြင်ရှင်းလို့နေတဲ့ ပညာနဲ့ တကယ်သက်ဝင်ယုံကြည်တဲ့ သဒ္ဓါတရားလဲရှိလို့၊ အဲဒါမှ ဒါနတစ်ခုအောင်မြင်တယ်တဲ့။

ဒါနတစ်ခု အောင်အောင်မြင်မြင်ဖြစ်ဖို့ဆိုတာ အဲသလို စွမ်းအားတွေပါမှ ဖြစ်တယ်၊ အထူး အားဖြင့် ပညာဦးစီးမှ အလှူကြီးရယ်လို့ အောင် အောင်မြင်မြင်နဲ့ ပြုလုပ်နိုင်ကြတာ။

ဒါကြောင့် ယခုလဲ ပညာဦးစီးတဲ့အလှူကြီး ပြုလုပ်နိုင်ကြတယ်၊ သာသနာအတွက်ပါ အများ ကြီး ကျေးဇူးပြုနိုင်တဲ့ သာသနာ့ပြု မြတ်ကောင်းမှု

http://www.dhammadownload.com



ကြီးကိုရအောင်လို့ ဝမ်းသာအားရ ညီညီညာညာ ပေါင်းစုပြီးတော့ အဲသလို ဆောင်ရွက်ကြတာပါ။

ပညာယ ပရိသုဇ္ဈတိ...၊

ပညာယ-ဟိုတွေးသည်တွေး ကင်းစင်ဝေး၍၊ အတွေးမှန်ကန် အသိဉာဏ်ဆိုတဲ့ပညာတရားဖြင့်။ ပရိသုဇ္ဈတိ-အပူအခိုးအငွေ့၊ အရှုပ်အထွေး၊ ဆင်းရဲ ခပ်သိမ်းတို့မှ လွတ်ငြိမ်းစင်ကြယ်ရပါပေသတည်း။

* * *

http://www.dhammadownload.com

# ပညာပါမှ အလုပ်စင်ကြယ်တယ်

ပညာပါမှ အလုပ်စင်ကြယ်တယ်၊ ပညာကလဲ သမာဓိရှိမှ ခိုင်ခန့်တာ၊ ပညာပေါ်တာပါ၊ စစ်မှန်သော ပညာကလဲ သမာဓိရှိမှပေါ်တယ်၊ သမာဓိရှိရင် စီးပွားရေးလုပ်ရတာလဲကောင်း၊ ပညာသင်ရတာလဲကောင်း၊ စာကျက်ရတာလဲ ကောင်း၊ ဘာပဲလုပ်လုပ် ရှင်းကနဲ တိကနဲပဲ၊ နေရထိုင်ရတာလဲ အင်မတန်ကောင်း၊ ကုသိုလ်လုပ်တဲ့အခါဆိုတော့ ပိုကောင်းတာ ပိုအဆင်ပြေတာပေါ့။

http://www.dhammadownload.com



ဒါကြောင့် သမာဓိအားကောင်းလာရင် ပညာလဲ ရတဲ့အတွက်ကြောင့် ပညာများပါလာပြီ ဆိုရင်တော့ အလုပ်ရတာ စင်ကြယ်ပါတယ်၊ စိတ်အပူအခိုးအငွေ့တွေ၊ ကိလေသာဓာတ်ငွေ့တွေ ကင်းသွားအောင် ရှင်းပေးနိုင်တယ်။

* * *

http://www.dhammadownload.com

# ကိလေသာသည်
# ကုသိုလ်ရဲ့အနှောင့်အယှက်

ကိလေသာသည် ကုသိုလ်ရဲ့ အနှောင့်အယှက်ပဲ၊ ဦးဖိုးထိန် အလှူလုပ်တာမျိုးဆိုရင် အလှူကြားထဲမှာ ကိလေသာ နည်းမှမနည်းပဲ၊ (အများကြီးထည့်ထားတာ)

ဒီကိလေသာတွေက နှုတ်သွားလိုက်တဲ့အတွက်မို့ ကုသိုလ်ဟာ အများကြီး လျော့သွားလိုက်တာ၊ အားနာပါးနာလေးလောက်ပဲ ကျန်တော့တယ်။

ဩော်...သိန်းပေါင်းများစွာ လှူထားတာမို့ နည်းနည်းတော့ ပေးလိုက်ပါဦးမယ်လို့ အားနာပါးနာ ပေးတာလောက်ပဲ ကျန်တော့တယ်။

http://www.dhammadownload.com



ပညာဉီးစီးမှုကမပါ၊ စိတ်တည်ငြိမ်မှုက မရှိတဲ့အတွက် အလှူဟာ အလှူလို့သာပြောရတယ် ဘာမှ မည်မည်ရရအားကိုးစရာမပါ၊ ပညာရှိမှ စင်ကြယ်သန့်ရှင်းသော အားကိုးစရာကောင်းတဲ့ ဒါနတစ်ခုရယ်လို့ ရနိုင်တယ်၊ ဒီလိုဆိုရင် ပညာ ဦးစီးတဲ့ အလှူကြီးဖြစ်အောင် ဘယ်လိုလုပ်မလဲ ဆိုတော့

* **နိဗ္ဗာန်ရည်မှန်း၊ ဉာဏ်ပြဋ္ဌာန်း၊ ရှင်လန်းတက်ကြွစေ၊**

သာသနာတွင်း ကုသိုလ်ဟာ နိဗ္ဗာန်ရည်မှန်း ရမှာပေါ့၊ အိုတာတွေ၊ နာတာတွေ၊ သေတာတွေ၊ ပူတာတွေ၊ ဆွေးတာတွေ၊ ငိုတာတွေ၊ ကြွေးတာ တွေ စတဲ့ ဆင်းရဲဒုက္ခကို ဘယ်သူက လိုချင်လို့လဲ၊ ဘယ်သူမှ မလိုချင်၊ မလိုချင်ပေမယ့် ခန္ဓာရှိတော့ လွတ်မှာတဲ့လား၊ မလွတ်ဖူးပေါ့။

* * *

http://www.dhammadownload.com

# ပညာမပါပဲ နိဗ္ဗာန်ဆုတောင်းရင်

ဘဝခန္ဓာ လောင်စာခပ်သိမ်း လွတ်ငြိမ်းရာ အသခ်တဓာတ် နိဗ္ဗာန်မြတ်ကိုရကြမှသာလျှင် ကြောက်ရတာတွေ လွတ်ကြလိမ့်မယ်၊ အဲသလိုဆို တော့ ဉာဏ်ဦးစီးပြီးတော့ ကုသိုလ်လုပ်ကြတဲ့ အခါမှာ ဤကုသိုလ်ကောင်းမှုကြောင့် ဘဝခန္ဓာ လောင်စာခပ်သိမ်း လွတ်ငြိမ်းတဲ့ နိဗ္ဗာန်ကို မျက် မှောက်ပြုရပါလို၏၊ မျက်မှောက်ပြုရပါစေလို့ နိဗ္ဗာန်ရည်မှန်းချက်ပါမှ ပညာဦးစီးတဲ့ အလှူကြီး ဖြစ်မယ်။

နိဗ္ဗာန်ရည်မှန်းချက်ပါဖို့ကလဲ ဉာဏ်ပါမှ ရည်မှန်းချက်ထားမှာပေါ့၊ ဉာဏ်မပါရင် နိဗ္ဗာန်ရည် မှန်းလဲ ပါးစပ်ကဆိုတာပဲရှိလိမ့်မယ်၊ စိတ်က လေးလေးနက်နက် ရှိမှာမဟုတ်ပါဘူး။

http://www.dhammadownload.com



ပညာမပါပဲ နိဗ္ဗာန်ဆုတောင်းရင်တော့ မသေးသေးဆုတောင်းသလို ဖြစ်လိမ့်မယ်။

မသေးသေးဆိုတဲ့ အမျိုးသမီးတစ်ယောက်ရှိတယ်၊ နာမည်က မသေးသေးဆိုရတယ်၊ ဆုတောင်းပုံက တယ်ကြီးကျယ်၊ သူ ဘယ်လို ဆုတောင်းတတ်သလဲ။

ဘုရားဆွမ်းကပ်တဲ့အခါပဲဖြစ်ဖြစ်၊ ရေကပ်တဲ့အခါပဲဖြစ်ဖြစ်၊ ပန်းကပ်တဲ့အခါပဲဖြစ်ဖြစ်၊ ဘယ်လိုအလှူပဲလုပ်လုပ်၊ ဘယ်လိုကုသိုလ်ပဲ လုပ်လုပ် သူဆုတောင်းတာက

**"ဤကောင်းမှုကြောင့် တပည့်တော်မသည်ဆင်းရဲခပ်သိမ်းလွတ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို လွယ်လွယ်ကူကူ၊ လျင်လျင်မြန်မြန်နဲ့ မျက်မှောက်ပြုရပါလို၏ဘုရား"** ...တဲ့။

ပြီးတော့မှ

**"နိဗ္ဗာန်မရခင်မှာလဲပဲ ဘဝသံသရာကျင်လည်တဲ့အခါကာလမှာ ကောင်းတာတွေမှန်သမျှ တပည့်တော်မ အကုန်ဖြစ်ပါရစေ**

http://www.dhammadownload.com



**ဘုရား"**...တဲ့၊ (ကောင်းတာလဲ အကုန် လိုချင်သေးတာ)

**ကောင်းတာတွေမှန်သမျှ တပည့်တော်မ အကုန်လုံး ဖြစ်ပါရစေဘုရား၊ နိဗ္ဗာန်ကို ဆောလျှင်မကြာ လွယ်ကူစွာ ရောက်ရ မျက်မှောက်ပြုရပါလို၏ဘုရား၊ နိဗ္ဗာန်မှ ပြန်ခဲ့သည်ရှိသော် လူချမ်းသာ နတ်ချမ်းသာ တွေကို ဆက်ပြီးတော့မှ ပျော်ပျော်ကြီး ပြည့်ပြည့်စုံစုံနဲ့ ခံစားပါရစေဘုရား"**..တဲ့။

ဆုတောင်းလိုက်တာ ပညာမှမပါပဲ၊ နိဗ္ဗာန် ဆုတောင်းတာက အားနာပါးနား သွားတောင်း တာကိုး၊ တကယ်လိုချင်လို့မှမဟုတ်ပဲ၊ ပညာမပါ တော့လဲ မလိုချင်ဘူးလေ။

**"နိဗ္ဗာန်ကို ဆောလျင်မကြာ လွယ်ကူစွာနဲ့ မျက်မှောက်ပြုရပါလို၏၊ နိဗ္ဗာန်မှ ပြန်ခဲ့ သည်ရှိသော် (သူက နိဗ္ဗာန်က ပြန်ချင် သေးတာ)**

နိဗ္ဗာန်ကို နေ့ခြင်းပြန်လောက်ပဲ သွားချင် တာ၊ အားနာပါးနာ သွားချင်တာ၊ အားနာပါးနာ ဝတ်ကျေတမ်းကျေ ဆုတောင်းတာ။

http://www.dhammadownload.com



နိဗ္ဗာန်ကို နေခြင်းပြန်လောက်ပဲသွားပြီးတော့ အို,နာ,သေမှု ဆင်းရဲတွေရဲ့တည်ရာ လူ့စည်းစိမ် နတ်စည်းစိမ် ချမ်းသာတွေ၊ ချမ်းသာအတုတွေကို ပြန်လိုချင်သေးတယ်တဲ့။

ပြန်ပြီး ငိုပါရစေဦးတဲ့၊ ပြန်ပြီး အိုပါရစေဦး၊ ပြန်ပြီး နာပါရစေဦး၊ ပြန်ပြီး သေပါရစေဦးလို့ ပါးစပ်ကသာ တိုက်ရိုက်မပြောတာ၊ တရားသဘော က ဒီအတိုင်းရောက်တာပဲ။

တပည့်တော်မ အိုလို့ အားမရသေးပါဘူး ဘုရား၊ တပည့်တော်မနာလို့လဲ အားမရသေးပါ ဘူးဘုရား၊ တပည့်တော်မ သေလို့လဲအားမရ သေးပါဘူးဘုရား၊ တပည့်တော်မ ငိုရတာလဲ အားမရသေးပါဘူးဘုရား၊ ဒါကြောင့် တပည့်တော် မ အိုစမ်းပါရစေဦး၊ နာစမ်းပါရစေဦး၊ သေစမ်း ပါရစေဦး၊ ငိုစမ်းပါရစေဦးလို့ ဆုတောင်းတာနဲ့ ဘာထူးတော့လဲ၊ ဉာဏ်မပါရင် ဒီအတိုင်း သွားမှာပဲ။

ဒါကြောင့် ဉာဏ်မပါပဲ နိဗ္ဗာန်ဆုတောင်းရင် မသေးသေး ဆုတောင်းသလို နေခြင်းပြန်လောက်ပဲ ဆုတောင်းချင်မှာပဲ၊ စည်းစိမ်ချမ်းသာနောက်၊

http://www.dhammadownload.com



တဏှာဆွဲတဲ့နောက်၊ လောကီစည်းစိမ်ချမ်းသာ နောက်ပဲ ပါသွားမှာပဲ၊ ဒါကြောင့်

* **နိဗ္ဗာန်ရည်မှန်း၊ ဉာဏ်ပြဋ္ဌာန်း၊ ရှန်လန်းတက်ကြွစေ၊**

ကုသိုလ်လုပ်တဲ့အခါမှာ ဘယ်ကုသိုလ်ကို လုပ်လုပ်၊ ဘယ်လို ကုသိုလ်ကောင်းမှုမျိုးမဆို လုပ်တဲ့အခါပဲဖြစ်ဖြစ် နိဗ္ဗာန်ကို ရည်မှန်းချက်ပါ ရမယ်၊ ဉာဏ်ပြဋ္ဌာန်းမှုပါရမယ်၊ အသိဉာဏ်ပါမှ ရှင်းရှင်း လင်းလင်း တိတိကျကျ လုပ်တတ်မယ်၊ တိတိကျကျ ရည်မှန်းချက်ထားတတ်မယ်၊ လမ်းကြောင်းရှင်းရှင်းလေး ဖော်တတ်မယ်။

* * *

## အဝိဇ္ဇာဈေးရောင်းသမားက လိမ်တယ်

လုပ်ငန်းမှာလဲ လောကပကာသနကို နည်းနည်းလေးမှ အရောမခံဘူး၊ ဓမ္မပကာသနသက်သက်နဲ့ ကုန်သမျှ လက်ထဲကလွှတ်လိုက်ရသမျှဟာ အင်အားအပြည့်နဲ့ ပေါ်အောင်လုပ်တတ်

http://www.dhammadownload.com



စဉ်းစားနိုင်းချိန်, ချင့်ချိန်, ချိန်တွယ်မှုလဲ ပါတယ်ပေါ့၊ ပညာမပါလို့ရှိရင် အဝိဇ္ဇာဈေးရောင်း သမားက အလွန်လိမ်တာပဲ၊ ပုထုဇဉ်အများစု ကလဲ ဈေးပေါပေါမှလိုချင်တယ်၊ အလွယ်မှကြိုက် တယ်။

အလွယ်ကြိုက်သူနဲ့ အဝိဇ္ဇာက တယ်ကိုက် တာပဲ၊ အဝိဇ္ဇာက လိမ်တတ်တယ်၊ ဟောဒါက ဒါနပါလို့ သူကပြောပေမယ့် တကယ်ကျတော့ ခုန ဦးဖိုးထိန်အလှူလုပ်သလိုပဲ၊ ဒါနမစစ်ဖူး၊ အတုကြီးဖြစ် နေတယ်၊ ကုသိုလ်ရယ်လို့ဆိုပေမယ့် ကုသိုလ်နာမည်သာရှိတယ်၊ ကုသိုလ်အတုကြီး ဖြစ်နေတယ်။

ဒါမျိုးတွေပေါ့၊ ပညာက သေသေချာချာ ချိန်တွယ်ကြည့်တယ်၊ ဒါနပြည့်ရဲ့လား၊ သီလပြည့် ရဲ့လား၊ ကိုယ်ကျေနပ်အောင် ပြုလုပ်နိုင်ရဲ့လား၊ သူများတွေသိဖို့ဆိုတာထက် ငါသိဖို့ဆိုတာ အရေး ကြီးတယ်လေ။

သူများတွေ ဝမ်းသာဖို့ထက် ငါဝမ်းသာဖို့ အရေးကြီးတယ်လေ၊ သူများတွေကျေနပ်သွားဖို့

http://www.dhammadownload.com



ထက် ငါကျေနပ်ဖို့အရေးကြီးတယ်၊ ငါ့ကုသိုလ် ငါဘယ်လောက်ကျေနပ်သလဲ၊ ကိုယ့်ဟာကိုယ် ဒီလိုမေးရမှာ။

ဦးဖိုးထိန်အလှူမှာ အပျော်အပါးတွေထည့်သလိုပေါ့၊ ဇာတ်တွေ၊ အငြိမ့်တွေ၊ ရုပ်ရှင်တွေ တစ်ပုံတစ်ခေါင်းကြီးထည့်တော့ သူများတွေ ချီးမွမ်းမှာပေါ့၊ ဟာ...ဦးဖိုးထိန်ကြီး တော်လိုက်တာ၊ အလှူကြီးကျယ်လိုက်တာ၊ ပျော်စရာတွေအများကြီး ထည့်လိုက်တာပေါ့၊ ဒါပေမယ့် ဦးဖိုးထိန် ဘယ်ကျေနပ်လို့လဲ၊ သူ့ဟာသူတောင် တရားမနာနိုင်။

* * *

# ကိုယ့်အလှူကိုယ် ကျေနပ်ဖို့လိုတယ်

ဒါကြောင့် ကိုယ့်အလှူကိုယ် ကျေနပ်ဖို့လိုတယ်၊ သူများတွေကျေနပ်သွားဖို့ထက် ကိုယ့်ဟာကိုယ် ကျေနပ်ဖို့လိုတယ်၊ သူများတွေဝမ်းသာဖို့ထက် ကိုယ့်ဟာကိုယ်ဝမ်းသာဖို့ အရေးကြီးတယ်၊ ဒါဆို ပညာနဲ့ သေသေချာချာချိန်တွယ်ကြည့်။

ပညာနဲ့ချိန်တွယ်ကြည့်လို့ အချိန်ပြည့်ပြန်တော့လဲ စစ်ကောစစ်ရဲ့လား၊ တချို့က ဒါန

http://www.dhammadownload.com



လို့သာပြောကြတယ်၊ အသံကသာ ဒါန၊ အနှစ်ကျတော့ ဒါနက ဘာမှမဟုတ်။

ထို့အတူ ဉပုသ်စောင့်တယ်လို့သာ ပြောရပေမယ့် စကားအသံအနေနဲ့သာ ဉပုသ်စောင့်တယ်လို့သာ ဆိုရတယ်၊ တကယ့်လုပ်ငန်းပိုင်းကျတော့၊ အနှစ်ပိုင်းရောက်တော့ တကယ်ဉပုသ်စောင့်တာလဲ မဟုတ်။

အဲဒါမျိုး စသည်ပေါ့၊ တချို့ တရားအားထုတ်တယ်လို့သာ ဆိုရတယ်၊ စကားအနေနဲ့သာ တရားအားထုတ်တယ်၊ တကယ်အနှစ်ပိုင်းကျတော့ သမာဓိ, ပညာရယ်လို့ ဘာမှအနှစ်ပေါ်အောင် အားမထုတ်နိုင်တာမျိုးတွေ ရှိတယ်။

ဒါကြောင့် မိမိလုပ်တဲ့ ကုသိုလ်ကောင်းမှုဟာ အချိန်ပြည့်ပြန်တော့လဲ စစ်ရဲ့လားလို့ ပညာက သေသေချာချာ စစ်ဆေးကြည်တော့ ဟာ... ပြည့်တယ်၊ ကျေနပ်ပြီဆိုကာမှ ယူတော့တာပါပဲ၊ ဒါကြောင့်

* **နိဗ္ဗာန်ရည်မှန်း၊ ဉာဏ်ပြန်္ခန်း၊ ရှင်လန်းတက်ကြွစေ၊**

* * *

http://www.dhammadownload.com

## သူများတိုက်တွန်းလို့
## လုပ်ရတာမဖြစ်စေနဲ့

ရွှင်လန်းရမယ်၊ ဝမ်းသာရမယ်၊ မိဘဆိုတာလဲ ဒီကုသိုလ်ပဲ၊ ဆွေမျိုးလဲသူပဲ၊ ကိုယ်ပိုင်ဥစ္စာလဲသူပဲ၊ ကိုယ့်အခက်အခဲဖြေရှင်းမှာလဲ သူပဲ၊ ကိုယ်လိုချင်တာအားလုံးပေးမှာလဲ သူပဲဆိုတော့ ဒီလောက် ကောင်းတဲ့ကုသိုလ်ရလို့မှ ဝမ်းမသာရင် ဘယ်ဟာအတွက် သွားဝမ်းသာကြမှာလဲ။

ဒါကြောင့် ဝမ်းသာစရာကောင်းတဲ့ ကုသိုလ်ရတဲ့လူ ဝမ်းသာပါ၊ ဝမ်းမြောက်ဝမ်းသာ လုပ်တတ်

http://www.dhammadownload.com



ပါစေ၊ တက်တက်ကြွကြွလုပ်ပါ၊ စာပြောပြောတော့ အသခါရိကခေါ်တယ်၊ သူများတိုက်တွန်းလို့လုပ်ရတာ မဖြစ်စေ၊ သူများတွေက ခွဲတမ်းချလို့သာ ခွဲတမ်းအရလုပ်ရတဲ့ သဘော မရောက်စေပဲ ဒါဟာ ငါလုပ်ရမယ့်ဥစ္စာပဲလေ၊ ကုသိုလ်ဟာ ဒီလောက် အဖိုးတန်တဲ့ဥစ္စာပဲဆိုပြီးတော့ တက်တက်ကြွကြွ၊ နိုးနိုးကြားကြားနဲ့ လုပ်တတ်ရတယ်။

* * *

http://www.dhammadownload.com

## သိက္ခာ(၃)ပါးလမ်းကြောင်းဖြောင့်မှ

* **သိက္ခာ(၃)ဖြာ၊ လမ်းကြောင်းမှာ၊**
**ကောင်းစွာဖြောင့်တန်းစေ၊**

ဒါနတစ်ခုဆိုပေမယ့် ကုသိုလ်အားလုံးပေါ့၊ အထူးသဖြင့် ယခုလို ဒါနလုပ်တဲ့အခါမှာ (သိက္ခာ(၃)ဖြာလမ်းကြောင်းမှာ ကောင်းစွာ ဖြောင့်တန်းစေ) နိဗ္ဗာန်ရည်မှန်းပြီးတော့ နိဗ္ဗာန်သွားတဲ့လမ်းက သိက္ခာ(၃)ပါး၊ (မဂ္ဂင်(၈)ပါးလို့လဲခေါ်တယ်) လမ်းကြောင်းဟာ ဖြောင့်ပြီးတော့နေရတယ်။

သီလပိုင်းဆိုင်ရာရော၊ သမာဓိပိုင်းဆိုင်ရာရော၊ ပညာပိုင်းဆိုင်ရာ ရော၊ သိက္ခာ(၃)သွယ်ဆိုတဲ့ လမ်းကြောင်းဟာ ရှင်းပြီးတော့ ဖြောင့်စင်းလို့နေရမယ်၊ အဲဒါမှ ပညာဦးစီးတဲ့အလှူကြီးခေါ်ပါတယ်။

http://www.dhammadownload.com



*** အလှူအတွင်း၊ အပူကင်း၊**
**သန့်ရှင်းစင်ကြယ်စေ၊**

အလှူအတွင်း ဒါနလုပ်စဉ်မှာပဲဖြစ်ဖြစ်၊ ဒါန မလုပ်ခင်မှာပဲဖြစ်ဖြစ်၊ ဒါနလုပ်ပြီးတဲ့အချိန်မှာပဲ ဖြစ်ဖြစ် အပူစိတ်ရယ်လို့ဘာမှမပါစေရဘူး၊ ကြောင့်ကျစိတ်ရယ်လို့ ဘာမှမပါစေရဘူး၊ အပူကင်း ပြီးတော့နေရမယ်၊ စိတ်ရဲ့အပူအခိုးအငွေ့တွေပါ သလောက် ဒါနမှာ အရှိန်အဝါနည်းပြီးတော့ ညံ့ သွားတာ။

* * *

http://www.dhammadownload.com

# ကိလေသာဆိုတာ အကုသိုလ်

ကိလေသာဆိုတာအကုသိုလ်၊ ဒါနဆိုတာ ကုသိုလ်ပဲ၊ သူတို့ဝင်ဖျက်ရင် ကုသိုလ်မှာအရှိန်အဝါ နည်းပြီး ညံ့သွားမှာပေါ့။

ကိုယ့်ဟာကိုယ်မေးကြည့်ပေါ့၊ ငါအညံ့စား သုံးချင်သလား၊ အကောင်းစားသုံးချင်သလား၊ ဩော်...ငါအကောင်းစားသုံးချင်တယ်၊ ဒီလိုဆို ကောင်းအောင်လုပ်မှဖြစ်မှာပေါ့။

နည်းနည်းသုံးချင်သလား၊ များများသုံးချင် သလား?၊ များများပေါ့၊ များများဆိုရင် ဒီအခိုး အငွေ့တွေ၊ အခွဲတွေ ငါဘယ်ထည့်လို့ဖြစ် ပါ့မလဲ၊ ပညာက ဒီလိုလာမှာပေါ့။

http://www.dhammadownload.com



ဒီလိုဆို သိက္ခာ(၃)ပါးလမ်းကြောင်းနဲ့ ဖြောင့်ဖြောင့်လေးလုပ်တတ်လာတယ်၊ လုပ်ငန်းအတွင်းမှာလဲ အပူအခိုးအငွေ့၊ ကြောင့်ကျမှုရယ်လို့ ဘာတစ်ခုမှ မထည့်ပဲနဲ့ အေးအေးမြမြ၊ ကြည်ကြည်လင်လင် လုပ်တတ်လာတယ်တဲ့။

* **အလှူအတွင်း၊ အပူကင်း၊ သန့်ရှင်းစင်ကြယ်စေ၊**
* **ပညာဦးစီး၊ အလှူကြီး၊ အံ့ချီးထိုက်လှပေ၊**

အဲသလိုအလှူမျိုးဟာ ပညာဦးစီးတာမို့ အလှူကြီးပါ၊ ပစ္စည်း နည်းနည်းလေးပဲဖြစ်ပါစေ၊ ဒါဟာ အလှူကြီးပဲ၊ ကြီးကျယ်သောအလှူလို့ လဲ ခေါ်ရတယ်၊ အံ့ချီးထိုက်တဲ့၊ ချီးမွမ်းထိုက်တဲ့ အလှူပဲ။

* * *

http://www.dhammadownload.com

# အမြွတ်စားကုသိုလ်က
# အကျိုးပေးပြီဆိုရင်

* **တိဟိတ်ဉက္ကဋ္ဌ်၊ ကုသိုလ်မြွတ်၊**
  **မစျွတ်ကောန်ရရှိယေ၊**

ဉာဏ်ပါတဲ့အတွက် တိဟိတ်တဲ့၊ အပူရယ်လို့ ဘာမှမထည့်ဘူး၊ ကိုယ့်ဟာကိုယ်ကျေနပ်အောင်လုပ်ထားတဲ့ ကုသိုလ်ဖြစ်လို့ရှိရင် ရတဲ့ကုသိုလ်က အမြွတ်စားလဲဖြစ်နေတယ်။

* **အဆင့်မြင့်လှ၊ ကျိုးကြီးရ၊**
  **အေးမြအဆင်ပြေ၊**

ဒီလိုကုသိုလ်မျိုးက အကျိုးပေးပြီဆိုတဲ့အခါ အလွန်အံ့သြစရာကောင်းအောင် အကျိုးပေးတတ်

http://www.dhammadownload.com



တယ်၊ ကုသိုလ်ကို ကုသိုလ်နဲ့တူအောင် မြှင့်ပြီးတော့ ကြိုးစားတာဖြစ်သောကြောင့် အကျိုးပေးတဲ့အခါ ကာလမှာလဲပဲ အဆင့်မြင့်အောင်ချည်းပဲ၊ အံ့ဩစရာကောင်းအောင် အကျိုးပေးတယ်၊ အေးမြအောင်၊ အဆင်ပြေအောင် အကျိုးပေးတတ်တယ်။

တချို့များ ကုသိုလ်အကျိုးပေးပေမယ့် အဆင်မပြေတာတွေ အများကြီးပါ၊ ကုသိုလ်ကို ကုသိုလ်နဲ့တူအောင် မလုပ်ခဲ့တဲ့အတွက် အဆင်မပြေတာတွေအများကြီး၊ ယခုလိုလုပ်တဲ့ ပညာဦးစီးတဲ့ ကုသိုလ်ကြီးကတော့ အဆင်ပြေအောင် အကျိုးပေးပါလိမ့်မယ်။

* **လိုချင်သမျှ၊ ပြီးနိုင်ကြ၊ မုချအောင်မြင်ပေ၊**

လိုချင်တာသာပြော၊ သူအကုန်ပေးမယ်တဲ့၊ မိဘအရင်းကသော်မှ မပေးနိုင်တာတွေ သူအကုန်ပေးမယ်၊ ပိုက်ဆံပေးဝယ်လို့မရတဲ့ အံ့ဩစရာကောင်းကျိုးတွေ သူအကုန်ပေးမယ်၊ မိဘအရင်းကသော်မှ မဖြေရှင်းနိုင်တဲ့ အခက်အခဲတွေ သူအကုန်ဖြေရှင်းမယ်၊ ပိုက်ဆံနဲ့ရှင်းလို့သော်မှ မရနိုင်တဲ့အခက်အခဲတွေ သူတို့အကုန်ဖြေရှင်းမယ်၊ လိုတာ သာပြော၊ သူအကုန်ဆောင်ရွက်မယ်။

http://www.dhammadownload.com



ဒီလိုဆိုတော့ ပညာဦးစီးတဲ့အလှူကြီးဖြစ်အောင် လုပ်ကြရမှာပေါ့၊ ဒါနသဘောလေးက ကိလေသာကို နိုင်သွားတယ်ဆိုရင်တော့ အောင်အောင်မြင်မြင်နဲ့ လုပ်ဖြစ်စမြဲပဲ။

ပညာဦးစီးအလှူကြီးကျယ်ဖို့ ပစ္စည်းပမာဏကို မကြည့်၊ ဓမ္မပမာဏကို ကြည့်ပါတယ်၊ ဒါကြောင့် ယခု ဒကာ,ဒကာမအပေါင်း သူတော်ကောင်းတွေလုပ်တဲ့ ကုသိုလ်ကလဲပဲ ပစ္စည်းပမာဏဆိုတာထက် ဓမ္မပမာဏက သာလွန်ပါတယ်။

ပစ္စည်းပမာဏများရင်တော့ ဘာပြောစရာလိုမလဲ၊ ဓမ္မပမာဏသာ အားကောင်းရင်တော့ အလွန့်အလွန်ကောင်းပေါ့။

အလွန့်အလွန်အားကောင်းအောင်လဲပဲ သဒ္ဓါအားတွေ၊ မေတ္တာအားတွေ၊ ပညာအားတွေနဲ့ ညီညီညာညာပေါင်းစုပြီးတော့ ဝမ်းသာအားရ လုပ်နေကြတာပဲ၊

ပညာဦးစီးအလှူကြီးဆိုတာ ပစ္စည်းပမာဏထက် ဓမ္မပမာဏကို ဦးစားပေးသွားတယ်၊ ရှင်းလိုက်တဲ့အလှူတွေပေါ့။ ယခု ဒကာ,ဒကာမ

http://www.dhammadownload.com



အပေါင်း သူတော်ကောင်းတွေလုပ်တဲ့ အလှူဟာ လဲပဲ သာသနာအတွက် အလွန်ကျေးဇူးများတယ်၊ ဒါနကိုလုပ်ကြတဲ့အခါမှာလဲပဲ ပညာဦးစီးရမှာပဲ၊ ရှိလို့မဟုတ်ပါ၊ သိလို့ပါ၊ ရှိဖို့ဆိုတာထက် သိဖို့ ပါလို့ ဒီလို ပညာဦးစီးပြီးတော့ ဆင်းရဲခပ်သိမ်း လွတ်ငြိမ်းရာ နိဗ္ဗာန်အထိ ဦးတည်ကြရမယ်ပေါ့။

**ပညာယ ပရိသုဇ္ဈတိ**

ပညာယ–ဟိုတွေးသည်တွေး ကင်းစင်ဝေး၍၊ အတွေးမှန်ကန်၊ အသိဉာဏ်ဆိုသော ပညာ တရားဖြင့်၊ ပရိသုဇ္ဈတိ–အပူအခိုးခပ်သိမ်းတို့မှ လွတ်ငြိမ်းစင်ကြယ်ရပါပေသတည်း။

ဤသို့လျှင် ပညာဦးစီးအလှူကြီးတရားကို ကြားနာကြရတဲ့ ဓမ္မသဝနမင်္ဂလာ၊ ကောင်းမှု ကုသိုလ်ကံစေတနာနှင့် အရပ်ရပ်သော ကောင်းမှု စွမ်းအား မြတ်တရားတွေကြောင့် တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းအားလုံးတို့ သည် ဘေးရန်အန္တရာယ်အယှက် အတားအဆီး၊ အချုပ်အချယ်၊ အရှုပ်အထွေး၊ အပူခပ်သိမ်း၊ ထိတ် လန့်တုန်လှုပ် ဖွယ်ခပ်သိမ်းတို့မှ လွတ်ငြိမ်းကြ ပါစေကုန်သတည်း။

http://www.dhammadownload.com



ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာ အကြံအစည်ကောင်းများ ပြီးစီးထမြောက် အောင်မြင်ကြပါစေကုန်သတည်း၊ ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာ၊ ပျော်ပျော်ရွှင်ရွှင်ဖြင့် အားကိုးစရာ သူတော်ကောင်းတရားများ တစ်နေ့တစ်ခြား တိုးပွားလာအောင် ပညာဦးစီးသော အလှူကြီးတွေ၊ ပညာဦးစီးသောကုသိုလ်ကြီးတွေ၊ တစ်နေ့တစ်ခြား တိုးပွား၍လာအောင် ကြိုးစားဖြည့်ကျင့် စုဆောင်း အားထုတ်နိုင်လွယ် ကြပါစေကုန်သတည်း။

အားထုတ်နိုင်လွယ်ကြ၍ ဆင်းရဲခပ်သိမ်း လွတ်ငြိမ်းရာ အသခ်တဓာတ် နိဗ္ဗာန်ရွှေပြည်မြတ်ကို လွယ်ကူသောအကျင့် လျင်မြန်သောအသိဉာဏ်ဖြင့် အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုလွယ် ရလွယ်နိုင်ကြပါစေကုန်သတည်း။

* * *

http://www.dhammadownload.com

လောကအရသာတွေထဲမှာ တရားအရသာသည် အကောင်းဆုံး၊ လောကမှာ တရားသည် အကြီးမားဆုံးသောအင်အား၊ တရားသည် နောက်ဘဝဆိုး လူ့ဘဝမှာ အသက်ကယ်ဆေး။

ဘယ်သူတွေလက်မြှောက်တယ် ပြောပြော တရားက လက်မမြှောက်ပါဘူး။

တရားကို တရားလိုပဲ စိတ်ဝင်စားပါ၊ တရားကလည်း တရားလိုပဲ ကိုယ့်အပေါ်မှာ အမြဲသစ္စာ ရှိပါတယ်။

(ယော)ဆရာတော်

http://www.dhammadownload.com

☆ မေတ္တာလွှမ်းခြုံ၊ ဘေးရန်လုံ၊
အကုန်ချမ်းသာရ၊

☆ မေတ္တာတရား၊ လူ့စွမ်းအား၊
ထူးခြားမြင့်တက်ရ၊

☆ လုံးစုံများစွာ၊ သတ္တဝါတို့၊
ကိုးဆယ့်ခြောက်ဖြာ၊ ရောဂါကင်းရှင်း၊
ကိုယ်ချမ်းသာခြင်းရှိကြစေရန်၊

☆ တွင်းပနှစ်တန်၊ ဘေးရန်ကင်းဝေး၊
ငြိမ်းအေးခြင်းရှိကြစေရန်အတွက်

# မေတ္တာတရား လူ့စွမ်းအား

ဖြင့် လွှမ်းခြုံနိုင်ပါသည်။

တိပိဋကဓရ–ဓမ္မဘဏ္ဍာဂါရိက
(ယော)ဆရာတော်

**ရွှေစန္ဒာထွန်းစာပေမှ ထွက်ရှိလာပါမည်**

စာမူခွင့်ပြုချက်အမှတ် ၄၆၅/၉၉ (၈)

http://www.dhammadownload.com

★ စိတ်ဓွမ်းရည်ဆိုတာ တရားကိုမှီပြီး အားထုတ်ကြရတာကြောင့် တရားစွမ်းရည်ဆိုလဲ မှန်ပါတယ်၊

★ ခန္ဓာကိုယ်ကြီး အဖိုးတန်အောင် အသုံးချဖို့ ဆိုတာကလဲ တရားနဲ့မှီပြီး ထုတ်လုပ်မှ ခန္ဓာကိုယ်ဟာ အဖိုးတန်ပါတယ်။

# စိတ်စွမ်းရည်

တိပိဋကဓရ–ဓမ္မဘဏ္ဍာဂါရိက
(ယော)ဆရာတော်

**ရွှေစန္ဒာထွန်းစာပေမှ ဖြန့်ချိပါမည်**

စာမူခွင့်ပြုချက်အမှတ် ၆၆၃/၉၉ (၁၁)

http://www.dhammadownload.com

★ အမှောင်ကိုဖြိုခွင်းတတ်သော

★ နေရောင်, လရောင်, မီးရောင်တို့ထက်

★ အဝိဇ္ဇာအမှောင်ကို ဖြိုခွင်းနိုင်သော ပညာအလင်းရောင်က

နေရာမရွေး, အခါမရွေး

အလင်းရောင်ပေးနိုင်ကြောင်း

ဟောကြားထားသော

# ပညာလမ်းပြ လူ့အလှ

တိပိဋကဓရ–ဓမ္မဘဏ္ဍာဂါရိက

(ယော)ဆရာတော်

**ရွှေစန္ဒာထွန်းစာပေမှ တင်ဆက်ပါမည်။**

စာမူခွင့်ပြုချက်အမှတ်– ၅၂/၂၀၀၀ (၁)

http://www.dhammadownload.com

★ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်
★ သံဃာဂုဏ်တော်နှင့်ပတ်သက်သော
★ မေတ္တာတရား၊ ကုသိုလ်၊ အကုသိုလ်
★ ဒါန၊ သီလ၊ သမာဓိ၊ ပညာ၊ ဝိပဿနာ
★ ကံ၊ ကံ၏အကျိုးပေးနှင့်ပတ်သက်သော

(ယော)ဆရာတော်၏ ဩဝါဒများကို
တိုရှင်း၊ လိုရှင်း
ဖတ်ရှုမှတ်သား လိုက်နာနိုင်ကြစေရန်

# ဩဝါဒပဒေသာ

တိပိဋကဓရ–ဓမ္မဘဏ္ဍာဂါရိက
(ယော)ဆရာတော်

ရွှေစန္ဒာထွန်းစာပေ
မှ
စီစဉ်နေပါပြီ။

http://www.dhammadownload.com

# ရွှေစင်္ကာထွန်းစာပေတိုက်တွင် ရရှိနိုင်သောစာအုပ်များ

(၁) မေတ္တာနှလုံးအလှဆုံး (ယောဆရာတော်)

(၂) အဆင်းအတက်လမ်းနှစ်ဖက် ။

(၃) အသိမှန်ကန်အဖိုးတန် ။

(၄) ကုသိုလ်လည်းရ ဝမ်းလည်းဝ ။

(၅) ဆင်းရဲ၏နောက်ချမ်းသာရောက် ။

(၆) စိတ်အေးစရာသာသနာ ။

(၇) အိမ်တွင်းမင်္ဂလာလူ့ကျင့်စဉ် ။

(၈) သမုဒ္ဒရာဝမ်းတစ်ထွာ ။

(၉) ဗုဒ္ဓဘာသာသိမှတ်ဖွယ်ရာ ဆန်းလွင်

(၁၀) ဓမ္မဒသာသနစာစု ။

(၁၁) ဘုံစဉ်စံ ဘဝလမ်းပြဒဿန ။

(၁၂) ကုသိုလ်ဆောင်ရာ

မြတ်ချမ်းသာ တက္ကသိုလ်သျှင်သီရိ

(၁၃) ဒေသစာရီဝေသာလီ ပါရဂူ

http://www.dhammadownload.com

# ဆက်လက်ထွက်ရှိလာမည့်စာအုပ်များ

| | |
|---|---|
| မေတ္တာတရားလူ့စွမ်းအား | (ယော)ဆရာတော် |
| စိတ်စွမ်းရည် | ။ |
| ပညာလမ်းပြလူ့အလှ | ။ |
| အပေါင်းလက္ခဏာ | ။ |
| ဘဝဇာတ်ခုံပုံစံစုံ | ။ |
| ဩဝါဒပဒေသာ | ။ |
| ကိုယ့်ဝန်ကိုယ်ထမ်းလူ့အစွမ်း | ။ |
| အဆိုးကိုရှောင် အကျိုးဆောင် | ။ |
| တရားပြည့်ဝ အရိပ်ရ | ။ |
| ဘဝတစ်ခေါက် ခဏရောက် | ။ |
| အသီးတစ်ရာ အညာတစ်ခု | ။ |
| ဗုဒ္ဓအဘိဓမ္မာနှင့် စကြဝဠာသီအိုရီ | ဦးလှသိန်းထွန်း |
| ဘဝလမ်းညွှန် | မောင်ကြာညို |


မှာကြားနိုင်ပါသည်

**ရွှေစန္ဒာထွန်းစာပေ**

**အမှတ် ၉၆(မြေညီ) ၃၈လမ်း**

**ရန်ကုန်မြို့။**

☎ ၀၁-၂၄၃၈၇၀

http://www.dhammadownload.com

http://www.dhammadownload.com